# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၉၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော် ပျဉ်းမနားမြို့ မြို့တော်ထိပ်ပန် မင်္ဂလာစေတီတော် အထက်ဌာပနာသွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဝတ္ထုကံတော်အတွင်းရှိ မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တိုင်းဩဝါဒါစရိယ၊ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသနှင့် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❂



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းစဉ်။


ယနေ့ *ဖတ် စ ရာ*

**လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယ** — ဆောင်းပါး စာ ၁၀

**လားဟူတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို တာလေမြို့အတွင်းရှိ လားဟူတိုင်းရင်းသား ကျေးရွာများ၌ ပျော်ရွှင်စွာကျင်းပလျက်ရှိ** — ပြည်တွင်းသတင်း စာ ၁၅

မြန်မာ့အလင်း

# အခြေအမြစ်မဲ့ စွပ်စွဲပုတ်ခတ်မှု

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ရာနှင့်ချီသည့် ဘင်္ဂါလီလှေစီး ရွှေ့ပြောင်းသွားလာသူများ အင်ဒိုနီးရှားသို့ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိလာကြောင်း၊ အာချေးပြည်နယ်တွင် ကမ်းရိုးတန်းသို့ ဦးတည်လာသည့် ဒုက္ခသည်လှေတစ်စင်းကို နိုင်ငံတကာရေပိုင်နက်သို့ ပြန်မောင်းပို့လိုက်ကြောင်း စသည်တို့ကို အင်ဒိုနီးရှားဘက်မှ သတင်းများအရ သိရှိရပြီး ဒုက္ခသည်များဟု ညွှန်းဆိုထားသည့် အဆိုပါ ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်၍ အင်ဒိုနီးရှားအောက်လွှတ်တော်၏အေဂျင်စီတစ်ခုမှ လက်ထောက်ဥက္ကဋ္ဌ ဆိုသူက မြန်မာနိုင်ငံအပေါ် အခြေအမြစ်မဲ့ စွပ်စွဲပြစ်တင်ပုတ်ခတ်မှု ပြုလုပ်ခဲ့သည့်အပြင် အာဆီယံနိုင်ငံများအတွင်း မမှန်မကန်လှုံ့ဆော်ရန်အထိပါ ပြောကြားခဲ့သည်ဟု သိရသည်။

ယခုကဲ့သို့ မိုးလေကင်းရှင်းသည့်ရာသီတွင် လူအဆမတန်တင်ဆောင်ထားသည့် စုတ်ချာနေသောစက်လှေများဖြင့် ဘင်္ဂလားပင်လယ်အော်ကို ဖြတ်သန်းကာ မလေးရှား၊ အင်ဒိုနီးရှား စသည့်နိုင်ငံများသို့ လူမှောင်ခိုတင်ပို့နေသည့် လုပ်ငန်းများသည် မြန်မာနိုင်ငံမှ မဟုတ်။ ထို့ပြင် လှေစီးဒုက္ခသည်ဆိုသူများမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ မဟုတ်သည့်အပြင် ဒုက္ခသည်စစ်စစ်များလည်းမဟုတ်။ သို့ရာတွင် ၎င်းတို့ ဆိုက်ရောက်ရာနိုင်ငံများတွင် ဒုက္ခသည်အဆင့်ရရှိနိုင်ရန်နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဒုက္ခသည်အဖြစ် အသိအမှတ်ပြုမှုကို ရရှိနိုင်ရန်တို့အတွက် မြန်မာနိုင်ငံမှ အဓမ္မမောင်းထုတ်ခံလိုက်ရသူများအဖြစ် သရုပ်ဆောင်ကြခြင်းသာဖြစ်သည်။ ၎င်းတို့အား အခကြေးငွေယူကာ လူမှောင်ခိုပို့ဆောင်ပေးသူများက နည်းပေးလမ်းပြ သင်ကြားပေးသည့်အတိုင်း ပြောဆိုကြခြင်းလည်း ဖြစ်သည်။

တစ်ခါတစ်ရံ စက်လှေပျက်၍ဖြစ်စေ၊ ရာသီဥတုဆိုးရွား၍ဖြစ်စေ ၎င်းတို့သွားလိုသည့် အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများဆီသို့မရောက်ဘဲ မြန်မာ့ကမ်းရိုးတန်းဆီသို့ရောက်လာ၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံသို့ ပြန်ပို့ရသည်လည်းရှိသည်။ ၎င်းတို့ သွားလိုသည့်နိုင်ငံများသို့ ရောက်ရှိသွားပြီး ဒုက္ခသည်အဖြစ် သတ်မှတ်ခံရပါက ဒုက္ခသည်ထောက်ပံ့ကြေးကို ရရှိနိုင်သည့်အပြင် လစာနည်းအလုပ်သမားများအဖြစ် တရားမဝင် အလုပ်လုပ်ကိုင်ခြင်းဖြင့်လည်း ဝင်ငွေရရှိနိုင်ရာ မြန်မာနိုင်ငံမှလာသော ရိုဟင်ဂျာဒုက္ခသည်ဆိုသည့် စကားလုံးကို မေးသူတိုင်းအား တွင်တွင်ပြောကြားကြမည်သာ ဖြစ်သည်။ တစ်နည်းအားဖြင့် ဘင်္ဂါလီလူမှောင်ခို ကုန်ကူးသူများနှင့် ဘင်္ဂါလီလှေစီးရွှေ့ပြောင်းသွားလာသူများ၏ အသုံးချလက်သုံးစကားလုံးပင်ဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း နေရပ်စွန့်ခွာသူများ ကိစ္စနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားအောက်လွှတ်တော်ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ လက်ထောက်ဥက္ကဋ္ဌဆိုသူက ပြောကြားခဲ့သည်ဆိုသည့်အချက်အလက်များမှာ မှားယွင်းနေသည့်အပြင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အာဆီယံသို့ လှုံ့ဆော်ပြောကြားချက်များမှာလည်း ၎င်း၏ အဆင်အခြင်ကင်းမဲ့မှုကို ထင်ဟပ်နေသည်။ ARSA အကြမ်းဖက်သမားများ အကွက်ချဖန်တီးမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်း နေရပ်စွန့်ခွာသူများကို တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ပြန်လည်စိစစ်လက်ခံရန် မြန်မာနိုင်ငံတွင် အသင့်ပြင်ဆင်ထားသည်မှာ ကြာပင်ကြာခဲ့ပြီဖြစ်သည်။ သို့ရာတွင် အဆိုပါအရေးအခင်း စတင်ချိန်မှ ယခုအချိန်ထိ နိုင်ငံတကာမီဒီယာများ၏ တစ်ဖက်စောင်းနင်းရေးသားဖော်ပြမှုများ၊ လွဲမှားမှုများ၊ ချဲ့ကားမှုများကြောင့် မြန်မာအစိုးရများ၊ မြန်မာ့တပ်မတော်နှင့် ဒေသခံတိုင်းရင်းသားရခိုင်လူမျိုးများမှာ နိုင်ငံတကာအမြင်၌ လူဆိုးများ၊ အစွန်းရောက်များ၊ ရာဇဝတ်မှုကျူးလွန်သူများ ဖြစ်နေခဲ့သည်။ ထိုအမြင်များအောက်တွင် ဘင်္ဂလားပင်လယ်အော်ကိုဖြတ်ပြီး လူမှောင်ခိုကုန်ကူးနေသူတို့က မြန်မာနိုင်ငံမှ အတင်းအဓမ္မမောင်းထုတ်လိုက်သောဒုက္ခသည်များအဖြစ် ကောင်းစွာ အလုပ်ဖြစ်နေကြခြင်းဖြစ်သည်။

အင်ဒိုနီးရှားအောက်လွှတ်တော်မှ ပုဂ္ဂိုလ်သည် မြန်မာနိုင်ငံအပေါ် မလိုတမာ မုန်းတီးပုံဖော်နေပြီး ၎င်း၏ ဆင်ခြင်တုံကင်းမဲ့စွာ ပြောဆိုမှုများကလည်း အာဆီယံ၏ မူလရည်ရွယ်ချက် အနှစ်သာရများဖြစ်သည့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုမြှင့်တင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ်တွင် အလေးမထား၊ နားလည်မှုနည်းပါးရာလည်း ရောက်သည်ဟု ရှုမြင်ပါကြောင်း။ ။

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒွိတာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## လွတ်လပ်ရေးပြယုဂ်လွှာ

✻ ခုချိန်ခါ အေးရိပ်ခ
ပန်းစုံလှ ဖူးပွင့်ဆင်၊
မွှေးပျံ့ပျံ့လွင်။
ငှက်ကျေးတို့စုံအလင်
တေးနုယဉ် သီကာကျူး၊
မြို့ရပ်ရွာ နယ်တစ်ရိုး
ချစ်ကြိုးဖွဲ့ထူး။

✻ ထွတ်မြတ်အတွေးရယ်နဲ့
လွတ်လပ်ရေးဖြစ်စဉ်နော်၊
ပြယုဂ်ကိုဖော်။
ရာသဖွဲ့တွေးအခေါ်
ရေးအာဘော် သီခြယ်မှုန်း၊
များသူငါ ရင်လွှာထဲ
စွဲမြဲစေထုံး။

✻ ဘာမထီ စိတ်ဓာတ်မွေး
မျိုးချစ်သွေး ရဲရဲနီ၊
မြို့ရပ်ရွာ နယ်တကျေး
ငြိမ်းအေးဖြစ်တည်။
တစ်စိတ်တစ်ဝမ်း သွေးမဖည်
ရှေ့သို့ချီ နေမနား၊
ရိပ်နန်းအုံ ခိုလှုံကြ
အေးမြဖွယ်များ။

✻ ဘေးမသီ ရန်မခ
တည်တကျ ဖြစ်စဉ်ဖော်
ကြည့်ကြစမ်းနော်။
လွတ်လပ်မှု ရင်ပြင်ပေါ်
ပြုံးတူပျော် ကြွားကြွားဝင့်၊
လွတ်လပ်ရေး ပြယုဂ်လွှာရယ်က
မြို့ရပ်ရွာ ကိန်းခန်းအေးပါလို့
ညီညွတ်ရေး တေးသီကာဖြင့်
ချစ်မေတ္တာ ရင်မှာပျိုးပါလို့
(အိုကွယ်) မျိုးမြန်မာတင့်။ ။

ဖိုလေးလုံးသောင်းကိုကို

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ထာဝရစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် လွတ်လပ်ရေး"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပညာဖြင့်တည်ဆောက်ကြရာဝယ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁)ပါ "ရန်ကုန်ဆိပ်ကမ်းသို့ တစ်နှစ်တာအတွင်း သင်္ဘောစင်းရေ ၆၀၀ ကျော် ဝင်ရောက်" သတင်းအပိုဒ် ၁ ပါ သင်္ဘောစင်းရေ ၆၀၀ ကျော်အစား ကုန်သေတ္တာတင် သင်္ဘောစင်းရေ ၆၀၀ ကျော်ဟုလည်းကောင်း၊ စာပိုဒ် ၆ ပါ "ကုန်သွယ်မှုများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ အလျားမီတာ ၂၀၀၊ တန်ချိန် ၃၀၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၂၇ စင်း" အစား "ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာကုန်သွယ်မှုများအတွက် ရန်ကုန်အတွင်းဆိပ်ကမ်းဧရိယာတွင် အလျားမီတာ ၂၀၀၊ Deadweight Tonnage (DWT) တန် ၃၅,၀၀၀ ရှိသော အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်း တံတား ၂၈ စင်း"ဟုလည်းကောင်း၊ စာပိုဒ် ၇ ပါ "သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှလည်း အလျားမီတာ ၂၅၀၊ တန်ချိန် ၃၅၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘော ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၉ စင်း" အစား "သီလဝါအပြင်ဆိပ်ကမ်းဧရိယာတွင် အလျားမီတာ ၃၀၀၊ Deadweight Tonnage (DWT) တန် ၅၀,၀၀၀ ရှိသော အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်း တံတား ၂၀ စင်း" ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်းအဖွဲ့)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ပါဠိဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

✪ ရွှေဖုံးမှ

**ပရိတ်တရားတော်များ နာယူကြည်ညို**

ဦးစွာ အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ပါဠိဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့်ချည်နှောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များကို ဝဲကြီးစာသင်တိုက် ဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက်ဆက်ကပ်ပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပါဠိဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**လက်ယာရစ်လှည့်လည်ပူဇော်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာတော်များကို ဝဲကြီးစာသင်တိုက် ဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်စဉ်။



မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ မဟာမင်္ဂလာမဏ္ဍပ်ရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့ ပို့ဆောင်ကြသည်။

**ဌာပနာတော်သွင်းလှူပူဇော်**

ထို့နောက် ပါဠိဆရာတော်ကြီးအမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထက်ဌာပနာတိုက်တွင် တက်ရောက်နေရာယူပြီး အထက်ဌာပနာတိုက်ကိုဖွင့်လှစ်၍ ဆီမီးထွန်းညှိပူဇော်သည်။ ယင်းနောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာပနာတိုက်အတွင်းသို့ ဌာပနာတော်သွင်းလှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပတ်ဖျန်းပူဇော်သည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများက မင်္ဂလာကြိုးဆွဲ၍ *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်စဉ်။

*စာမျက်နှာ ၃ မှ*

ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

**ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုး**

ထို့နောက် တာဝန်ရှိသူများက အရံစေတီတော်များအား အစီအစဉ်အတိုင်း ရွှေထီးတော်တင်လှူပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က စေတီတော်ကြီး တောင်ဘက်အရပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသင်္ကန်းတော်ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မဟာဗောဓိညောင်ပင်တော်ကြီး ပိုမိုတည်တံ့ခိုင်မြဲဝေစည်ရှင်သန်နိုင်စေရန် ရည်သန်၍ ပူဇော်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဌာပနာတိုက်အတွင်းသို့ ဌာပနာတော်သွင်းလှူပူဇော်စဉ်။

**ဗုဒ္ဓါဘိသေက အနေကဇာတင်**

ထို့နောက် သံဃာတော်အရှင်သူမြတ်များက မြို့တော်ထိပ်ပန် မင်္ဂလာစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာဗောဓိညောင်ပင်တော်ကြီး ပိုမို၍ တည်တံ့ခိုင်မြဲဝေစည်ရှင်သန်နိုင်စေရန်ရည်သန်၍ ပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မင်္ဂလာမော်ကွန်းကမ္ပည်း ကျောက်စာတော်ကို အမွှေးနံ့သာရည်များပက်ဖျန်း ဖွင့်လှစ်၍ ရတနာရွှေခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်သည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မင်္ဂလာမော်ကွန်းကမ္ပည်းကျောက်စာတော်ကို အမွှေးနံ့သာရည်များပက်ဖျန်း ဖွင့်လှစ်၍ ရတနာရွှေခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်စဉ်။

## ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ နှစ်သစ်ကူးအထူးဓမ္မသဘင်အခမ်းအနားကျင်းပ

ပြည် ဇန်နဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ပုညကရဏလေးထပ်ဓမ္မာရုံတော်၌ ယမန်နေ့မွန်းလွဲ ၁နာရီက နှစ်သစ်ကူး အထူး ဓမ္မသဘင်အခမ်းအနားကျင်းပသည်။

ဓမ္မသဘင်တရားပွဲတွင် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မာစရိယ၊ DPhil(Oxford) ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ (အောက်စဖို့ဒ်ဆရာတော်)က တရားနာပရိသတ်အပေါင်းအား ကိုယ်ချင်းစာတရားနှင့်ကရုဏာတရားတော်မြတ်ကို ဟောကြားတော်မူသည်။

အဆိုပါနှစ်သစ်ကူးဓမ္မသဘင်တရားပွဲသို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဆန်းဋ္ဌေးမောင်နှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် တရားချစ်ခင်ဒေသခံပြည်သူများ တက်ရောက်နာယူကြည်ညိုကြပြီး တရားဟောဆရာတော်ကြီးထံ အလှူရှင်များက အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အောက်စဖို့ဒ်ဆရာတော်ကြီး အမှူးပြုသောတရားနာ ပရိသတ်အပေါင်းတို့က ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ဝေနေယျသတ္တဝါအပေါင်းတို့အား ရေစက်သွန်းချအမျှပေးဝေကြပြီး ဓမ္မသဘင်အခမ်းအနား (ပထမနေ့)ကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရုပ်သိမ်းခဲ့ကြောင်းနှင့် အဆိုပါ နှစ်သစ်ကူးအထူးဓမ္မသဘင်ကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရ သည်။

**ကိုဆက်(ပြန်/ဆက်)**

**ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့ အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုး ကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။**

[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]



ဂေါ်ရင်ဂျီကျွန်းသဘာဝအလှ ဓာတ်ပုံ - ဦးချမ်းသာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။

❑ *ကျောက်ဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဧည့်ခံကြိုဆို နေရာချထားရေး၊ ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံရေး၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ပဒေသာကပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အပါအဝင် အစီအစဉ်များအလိုက် ဆောင်ရွက်သွားမည့် အစီအမံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး**

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ လိုက်ပါကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ တိုင်းသံဃာဆောင် (၄၇) နှစ်ပြည့် အလှူတော်မင်္ဂလာအခမ်းအနားနှင့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ တိုင်းသံဃာဆောင် (၄၇) နှစ်ပြည့် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးရုံ၏ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းသံဃာဆောင် ဥက္ကဋ္ဌဆရာတော်မြို့မဉျးကောဝိဒ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းသံဃာဆောင်သို့သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုခံယူနေသည့် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် တိုင်းသံဃာဆောင် (၄၇) နှစ်ပြည့် အလှူတော်မင်္ဂလာ အခမ်းအနား တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်နှစ်တာထာဝရ ငွေပဒေသာပင်အလှူရှင်များအား ဂုဏ်ပြုလွှာများနှင့် တိုင်းသံဃာဆောင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းသံဃာဆောင် ဥက္ကဋ္ဌဆရာတော် မြို့မဉျးကောဝိဒက တိုင်းသံဃာဆောင်၏ ဆောင်ရွက်မှုများကို ရှင်းလင်းမိန့်ကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သံဃာဆောင်အတွက် လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များကို တင်ပြလျှောက်ထားပြီး အခမ်းအနား ရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်သော ပုသိမ်မြို့ အမှတ်(၁) ရပ်ကွက် ငဝန်ကျွန်းသာ(၁၁)လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်သည်။

ဦးစွာ ငဝန်ကျွန်းသာ (၁၁) လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးထံ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌတို့က ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းသည် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်သော လမ်းဖြစ်ပြီး လမ်းအရှည်ပေ ၈၁၀၊ အကျယ် ၁၀ ပေ၊ ထု ရှစ်လက်မရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် နှမ်းယို၊ မြေပဲယိုနှင့် ကြံသကာအမျိုးမျိုးလုပ်ငန်း

❖ တွေ့ဆုံမေးမြန်း- ချစ်နှင်းသုန်(ပြန်/ဆက်)၊ ဓာတ်ပုံ- သန်းထွန်းအောင်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံစီးပွားမြှင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုအတွင်း ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနေသည့် ဒေါ်လာ နှမ်းယို၊ မြေပဲယို၊ မရွေး၊ မြွေနဂါးကြံမွှနှင့် ကြံသကာအမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းပိုင်ရှင် ဦးအောင်နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်။



**မေး ။ ။ လုပ်ငန်းလိပ်စာနဲ့ ဘယ်လို စားကုန်တွေကို အဓိက ဖြန့်ချိ ထုတ်လုပ်နေသလဲဆိုတာ ဖြေကြားပေးပါ။**

ဖြေ ။ ။ လုပ်ငန်းအမည်ကတော့ “ဒေါ်လာ” ဖြစ်ပါတယ်။ နေရာကတော့ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ဘန့်ပြင်ကျေးရွာမှာ တည်ရှိပါတယ်။ ဒေါ်လာ စားသုံးကုန်အမျိုးမျိုး ထုတ်လုပ်ရေးလုပ်ငန်းကနေ နှမ်း၊ မြေပဲယို၊ မရွေး၊ မြွေနဂါးကြံမွှနဲ့ ကြံသကာအမျိုးမျိုး ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိပါတယ်။



မြေပဲယိုများကို ကျိုချက်ပြီးအအေးခံနေစဉ်။

**မေး ။ ။ လုပ်ငန်းကို ဘယ်လိုမျိုး စတင်တည်ထောင်ခဲ့ပါသလဲ။**

ဖြေ ။ ။ ကျွန်တော်က ၂၀၁၂ ခုနှစ်မှာ ကြံလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ပြီး ကြံဖိုတွေမှာလည်း ဝင်ရောက်လုပ်ဆောင်ခဲ့ပါတယ်။ ဒီ ဒေါ်လာလုပ်ငန်း စက်ရုံကိုတော့ ၂၀၁၅ ခုနှစ်မှာ ဦးစီးပြီး လူသုံးဦးနဲ့စတင်ပြီး ကြံဖိုတစ်ဖို တည်ထောင်ခဲ့တယ်။ အဲဒီနောက်မှာ တဖြည်းဖြည်းနဲ့ လုပ်ငန်းချဲ့ထွင် လုပ်ကိုင်လာရာမှာ အခု ကြံဖို ၁၆ ဖိုအထိ ဖြစ်လာပါပြီ။

**မေး ။ ။ အခုလက်ရှိ လုပ်ငန်းလည်ပတ်နေပုံနဲ့ ဝန်ထမ်းဦးရေလေးကို သိပါရစေ။**

ဖြေ ။ ။ အခုလက်ရှိ ရောင်းအားအကောင်းဆုံးကတော့ နှမ်းယို၊ မြေပဲယိုနဲ့ ကြံသကာတွေဖြစ်ပြီး တစ်နေ့ကို ပုံး ၆၀၀ ကျော်လောက် ရောင်းချရပါတယ်။ ဝန်ထမ်းဦးရေက ၁၀၆ ဦးအထိ ရှိပါတယ်။

**မေး ။ ။ ဒေါ်လာ စားသုံးကုန်ဖြန့်ချိရေးကနေ စားသောက်ကုန် ဘယ်နှမျိုးလောက်အထိ ထုတ်လုပ်ရောင်းချနေပြီး ဘယ်ထုတ်ကုန်အမျိုးအစားတွေက ရောင်းအားအကောင်းဆုံးလဲ။**

ဖြေ ။ ။ ကျွန်တော် “ဒေါ်လာ” လုပ်ငန်းကနေပြီးတော့ နှမ်းယို၊ မြေပဲယို၊ မရွေး၊ မြွေနဂါးကြံမွှနှင့် ကြံသကာအမျိုးမျိုး ထုတ်လုပ် ဖြန့်ချိရောင်းချနေပါတယ်။ နှမ်းယို၊ မြေပဲယို၊ ကြံသကာက တစ်နေ့ကို ၁၀ ပိဿာကနေ ၁၁ ပိဿာအထိ ရောင်းချရပြီး ပုံးအရေအတွက်နဲ့ဆိုရင် ပုံး ၆၀၀ ကျော်မှ ၇၀၀ အထိ ရောင်းချပေးရပါတယ်။ အခုနှစ်မှာ သကြား ကြံသကာကို နှမ်း၊ မြေပဲ၊ ကြံသကာနဲ့ အလားတူ ရောင်းချရပါတယ်။ ဒုတိယ ရောင်းအားအကောင်းဆုံးကတော့ မရွေးဖြစ်ပြီး မြွေနဂါးကြံမွှဟာလည်း ရောင်းအားအကောင်းဆုံး စာရင်းထဲမှာ ပါရှိပါတယ်။

**မေး ။ ။ ဒေါ်လာစားသုံးကုန်တွေကို သန့်ရှင်းလတ်ဆက်စွာ စားသောက်နိုင်အောင် ဘယ်လိုစီမံဆောင်ရွက်ပါသလဲ။**

ဖြေ ။ ။ ဒေါ်လာ စားသုံးကုန်တွေကို စားသုံးသူမိဘပြည်သူများ ကျန်းမာရေးနဲ့ ညီညွတ်စွာ စားသုံးနိုင်ဖို့အတွက် ဓာတုဆိုးဆေးတွေနဲ့ ကြာရှည်ခံဆေးတွေ သုံးစွဲထားမှုမရှိပါဘူး။ ထုတ်ကုန်တွေကိုလည်း ထုပ်ပိုးမှုစနစ်ခိုင်မာစွာ ထုတ်လုပ်ရောင်းချပေးပါတယ်။ စက်ရုံအတွင်းမှာဆိုရင်လည်း ဆေးလိပ်၊ အရက်သေစာ သောက်သုံးမှုမရှိအောင်၊ ပြင်ပလူမဝင်ရောက်အောင် ဆောင်ရွက်ထားပြီး အဝင်ပေါက်တိုင်းမှာ လက်ဆေးကန်တွေ ထားရှိပေးပါတယ်။

**မေး ။ ။ ဒေါ်လာ စားသုံးကုန်တွေကို မြန်မာနိုင်ငံအတွင်း ဘယ်မြို့ဒေသတွေကို ဖြန့်ချိပေးနေပါသလဲ။**

ဖြေ ။ ။ ကျွန်တော့်စက်ရုံက ထုတ်ကုန်တွေဟာဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုအနက် ၁၂ ခုလောက်အထိ ပျံ့နှံ့ပြီး မြို့ပေါင်း ၃၃ မြို့လောက်အထိ တင်ပို့ရောင်းချနေပါတယ်။ အခုလက်ရှိ ဖြန့်ဖြူးနိုင်ခြင်းမရှိသေးတာဆိုရင် ရခိုင်ပြည်နယ်နဲ့ ကယားပြည်နယ်တို့ပဲရှိမယ်။ ချင်းပြည်နယ် မတူပီနဲ့ မင်းတပ်မြို့နယ်တွေကို ပခုက္ကူဘက်ကနေပြီးတော့ ဖြန့်ချိပေးနေပါတယ်။ အဓိကပို့တာကတော့ ရန်ကုန်၊ ပုသိမ်၊ ဟင်္သာတ၊ မော်လမြိုင်၊ နေပြည်တော်၊ တပ်ကုန်း၊ မန္တလေးတို့ကို ပို့ပါတယ်။

**မေး ။ ။ နိုင်ငံတော်က အခုဆို MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့အတွက် ဒေါ်လာလုပ်ငန်းအနေနဲ့ သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေမှုကိုလည်း သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ အသေးစား အငယ်စား အလတ်စားလုပ်ငန်းရှင်တွေကို နိုင်ငံတော်က MSME ချေးငွေထုတ်ချေးပေးတဲ့အတွက် လုပ်ငန်းသုံးစက်ပစ္စည်းတွေ ဝယ်ယူနိုင်ခဲ့ပြီး လုပ်ငန်းတွေလည်း တိုးချဲ့ လုပ်ကိုင်နိုင်ခဲ့ပါတယ်။ ဒေါ်လာစားသုံးကုန်တွေကိုလည်း တိုင်းဒေသကြီးအဆင့် ကုန်စည်ပြပွဲတွေမှာ ဌာနဆိုင်ရာတွေနဲ့ပူးပေါင်းပြီး ခင်းကျင်းပြသပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ စီးပွားရေးလုပ်ငန်းတွေ စတင်တည်ထောင်မယ့် လူငယ်တွေကို အကြံပြုတဲ့အနေနဲ့ ပြောကြားပေးပါ။**

ဖြေ ။ ။ အဓိကကတော့ ဆန္ဒပေါ့။ ဖြစ်ချင်စိတ်ရှိဖို့လိုတယ်။ အခု အလုပ်သမားအဖြစ် လုပ်နေရပေမယ့်တစ်ချိန်မှာ လုပ်ငန်းရှင် သူဌေးဖြစ်ရမယ်ဆိုတဲ့စိတ်နဲ့ ရိုးသားရမယ်၊ ကြိုးစားအားထုတ်ရမယ်။ လုံ့လနဲ့ ဝီရိယရယ်၊ ရိုးသားမှုရယ် ရှိမယ်ဆိုရင် လုပ်ငန်းရှင်ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် လူငယ်တွေ ကြိုးစားကြပါ။ အားစိုက်ကြပါလို့ အကြံပေးပြောကြား တိုက်တွန်းလိုပါတယ်ခင်ဗျာ။ ။



မြေပဲယိုများကို စက်ကိရိယာဖြင့် ဖြတ်တောက်နေစဉ်။



ထုတ်လုပ်ပြီးသော စားသောက်ကုန်များကို ထုပ်ပိုးနေစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပိုက်ကျော်ခြင်းဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိ**

ဦးစွာ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က စတုတ္ထဆုရရှိသည့်အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ငွေသားဆု ငါးသိန်းကျပ်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က တတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**ကြည့်ရှုအားပေး**

အလားတူ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဖူဆယ်ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖူဆယ်ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကိုးဂိုး - ရှစ်ဂိုးဖြင့် အနိုင်ရရှိ**

ဦးစွာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ တစ်ဖက် သုံးဂိုးစီ သရေကျရာ ပယ်နယ်တီ အဆုံးအဖြတ်ခံယူကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းကို ကိုးဂိုး - ရှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဦးဇင်မင်းထက်တို့က အကောင်းဆုံးဂိုးသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက စတုတ္ထဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းအား ငွေသားဆု ငါးသိန်းကျပ်ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဂုဏ်ပြု ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် အသက် ၂၅နှစ်အောက် ဘောလုံးပြိုင်ပွဲ (အမျိုးသား/ အမျိုးသမီး)၊ ဘော်လီဘောပြိုင်ပွဲ (အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ (အမျိုးသား)၊ ဖူဆယ်ပြိုင်ပွဲ (အမျိုးသား)၊ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများကို ထည့်သွင်းကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၃ ရက်တွင် ဗိုလ်လုပွဲစဉ်များအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး)နှင့် အမျိုးသားဘောလုံးပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**ပဲခူး ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များကို တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စိုးစိုးသက်နှင့် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၏ဇနီးတို့က သင်တန်းသူများထံ ပေးအပ်သည်။(ယာပုံ)

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းယာမီတို့က သင်တန်းဆရာများကို ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများပေးအပ်ပြီး သင်တန်းသူများပြုလုပ်ထားသော ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ထက်**



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးကြမည့် တောင်သူလယ်သမားများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေး

နေပြည်တော် ဇန်နဝါရီ ၂

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးကြမည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက စိမ်းစားပင်ကျေးရွာ စိုက်ပျိုးနည်းပညာပေးစင်တာ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူ ၅၈ ဦး၊ စိုက်ပျိုးပညာပေးဝန်ထမ်း ၃၂ ဦးတို့ တက်ရောက်ကြသည်။**



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက စပါး၊ မြေပဲ၊ နှမ်း၊ နေကြာသီးနှံများတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်းမျိုးသန့် သုံးစွဲရန်၊ မြေပြုပြင်ရာတွင် ထယ်ရေးထွန်ရေးကောင်းရန်နှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ ကျင့်သုံးရန်၊ စပါးစိုက်ပျိုးရာတွင် အထူးသဖြင့် ကြဲပက်စိုက်ပျိုးမှုများ မပြုလုပ်ဘဲ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ပြောင်းလဲဆောင်ရွက်ရန်၊ ဓာတ်မြေဩဇာများကို အချိန်ကိုက် အချိုးကျသုံးစွဲရန်၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများကို မလိုအပ်ဘဲ အသုံးမပြုရေးနှင့် လိုအပ်သလောက်သာ အသုံးပြုရန် ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် နည်းပညာအပါအဝင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကူညီပံ့ပိုး ပေးသွားမည်ဖြစ်၍ တောင်သူများက စုစည်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တောင်သူများက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များတင်ပြကြရာ သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက မြေဆီလွှာထိခိုက်ပျက်စီးမှုမရှိစေဘဲ သီးနှံထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး ဆောင်ရွက်ရန်နည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော လယ်ယာကုန်ထုတ် လုပ်ငန်းများ ထွန်းကားလာရေး ကြိုးပမ်းသွားကြရန် လိုအပ်ချက်များ၊ စိုက်ပျိုးရေရယူမှု အသုံးပြုရာတွင် ရေသောက်စနစ်အတွင်းရှိ စိုက်ကွင်းများအားလုံး မျှမျှတတခွဲဝေအသုံးပြုနိုင်ရေးအတွက် ရေအသုံးချသူများအဖွဲ့ (WUG) တောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အရေးပါပုံတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်ဖြင့် လူမှုဖူလုံရေးအကျုံးဝင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် လူမှုဖူလုံရေးအကျုံးဝင် ဝန်ကြီးဌာနဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လိုအပ်သောဆေးဝါး ကုသမှုများ၊ ဓာတ်ခွဲစစ်ဆေးမှုများ၊ နှလုံးအတွက် ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အကျုံးဝင် အာမခံအလုပ်သမား ၁ ဒသမ ၂ သန်းကျော်ရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ စာချုပ်ဆေးခန်း ၅၄ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု (Specialist OG OPD) ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၂၃ ခန်း၊ မီးဖွားဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော စာချုပ် ဆေးရုံ/ သားဖွားခန်း ၁၂ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအာမခံ (Social Insurance) စနစ်အရ လက်ရှိတွင် အာမခံစနစ် ခြောက်မျိုးအနက် နှစ်မျိုးကို အကောင်အထည်ဖော်လျက် အကျိုးခံစားခွင့် ၁၅ မျိုး ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။ လစဉ်ထည့်ဝင်ကြေးကို လုပ်ခလစာ တစ်လလျှင် တစ်သိန်းရရှိသည့် အာမခံအလုပ်သမားတစ်ဦးအနေဖြင့် အလုပ်သမား ထည့်ဝင်ကြေး ၂ ရာခိုင်နှုန်းအတွက် ကျပ် ၂၀၀၀ နှင့် အလုပ်ရှင်မှ ၃ ရာခိုင်နှုန်းအတွက် ကျပ် ၃၀၀၀ စုစုပေါင်း ၅ ရာခိုင်နှုန်းအတွက် ကျပ် ၅၀၀၀ ပေးသွင်းရပြီး အများဆုံး လုပ်ခလစာ သုံးသိန်းအထိ သတ်မှတ်ထားကာ အလုပ်သမားထည့်ဝင်ကြေး ၂ ရာခိုင်နှုန်းအတွက် ကျပ် ၆၀၀၀ နှင့် အလုပ်ရှင်မှ ၃ ရာခိုင်နှုန်းအတွက် ကျပ် ၉၀၀၀ စုစုပေါင်း ၅ ရာခိုင်နှုန်းအတွက် ကျပ် ၁၅၀၀၀ ပေးသွင်းရပြီး လစဉ်ထည့်ဝင်ကြေးပေါ်မူတည်၍ မကျန်းမာမှုအကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ နာရေးစရိတ်၊ အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်၊ အမြဲတမ်းမသန်စွမ်း အကျိုးခံစားခွင့်နှင့် အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် စသည်တို့ကို ခံစားရရှိနိုင်သည်။

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် ဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးခြင်းကို ဇန်နဝါရီ ၂ ရက်မှ ၁၅ ရက်အထိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနရှိ အာမခံအလုပ်သမားများအတွက် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များသို့ ကွင်းဆင်းဆေးကုသမှုများ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ်တွင် ထုံးဘို-နောင်လှိုင်-သပြေရေကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ပြင်ဦးလွင် ဇန်နဝါရီ ၂

(၇၆) နှစ်မြောက် လွတ်လပ် ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ထုံးဘို–နောင်လှိုင်–သပြေရေ ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက အမှာစကား ပြောကြားပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ထုံးဘို–နောင်လှိုင် – သပြေရေ ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ် ဆောင်ရွက်ခဲ့မှု အခြေအနေများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏစိုးအောင်၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ထုံးဘို – နောင်လှိုင် – သပြေရေကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အဆိုပါလမ်းပိုင်းကို ဖြတ်သန်းကြည့်ရှုခဲ့သည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ထုံးဘို – နောင်လှိုင် – သပြေရေ ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းသစ်သည် လမ်းမိုင်အရှည် (၀/၇၅) မိုင်ရှိပြီး အကျိုးပြုကျေးရွာ ခုနစ်ရွာ၊ အကျိုးပြုအိမ်ခြေပေါင်း ၁၂၁၉ အိမ်နှင့် အကျိုးပြုသူဦးရေပေါင်း ၄၉၄၄ ဦး၏ လမ်းပန်းဆက်သွယ်ရေးအား အကျိုးပြုမည်ဖြစ်ကာ ရန်ပုံငွေကျပ်သန်းပေါင်း ၂၃၉ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဖြူလူသစ် (ပြန်/ဆက်)**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၏ (၅)ထပ်ကုသဆောင်သစ်နှင့် ဆေးတက္ကသိုလ် - တောင်ကြီး၊ သင်ကြားရေး(၄)ထပ်စာသင်ဆောင် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားနှင့် ဆေးတက္ကသိုလ် – တောင်ကြီး သင်ကြားရေး လေးထပ်စာသင်ဆောင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့်အဖွဲ့ ဆေးကုသမှုခံယူနေသည့် လူနာများကို ကြည့်ရှုအားပေးစဉ်။

### တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ သင်ကြားရေးဆိုင်ရာ ဆရာ/ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးကျောင်းသား/ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ဆေးတက္ကသိုလ် – တောင်ကြီး ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ လှဝင်းမြင့်တို့က ဆေးတက္ကသိုလ် – တောင်ကြီး လေးထပ်စာသင်ဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်ကြားရေး လေးထပ်ဆောင်ရှိ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် ဆေးတက္ကသိုလ်– တောင်ကြီး ပါမောက္ခချုပ်က ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆေးတက္ကသိုလ်– တောင်ကြီးအတွက် လှူဒါန်းပေးကြသော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ် ဖွင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးတို့က ငါးထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူလူထုအကျိုးရှိစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ကုသဆောင်သစ်များ၊ စာသင်ဆောင်သစ်များ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ မကြာမီ ဆေးရုံအဆောက်အအုံသစ်များ ထပ်မံဖွင့်လှစ်ရန်ရှိပါကြောင်း၊ တောင်ကြီးမြို့တွင် ဗဟိုအဆင့်ဆေးရုံ နှစ်ရုံ၊ ဆေးတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်းတို့ကို ဖွင့်လှစ်ထားရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ပြည်သူ့ဆေးရုံပေါင်း ၆၉ ရုံကို ဖွင့်လှစ်ထားရှိပါကြောင်း၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးကို ၁၉၅၇ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုအကူအညီဖြင့် စတင်တည်ဆောက်ခဲ့ခြင်းကြောင့် မြန်မာ– ရုရှားချစ်ကြည်ရေးအတွက် အရေးကြီးသောမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ သင်ကြားရေးဆေးရုံကြီးလည်းဖြစ်ကာ ကင်ဆာရောဂါကုသနိုင်သည့် အဓိကဆေးရုံလည်းဖြစ်ပါကြောင်း၊ သုံးထပ်လူနာဆောင်တစ်ခုကိုလည်း ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ကျောက်ကပ်သွေးသန့်စင်ဌာနကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနေထိုင်နိုင်ရေးအတွက်လည်း ဝန်ထမ်းအိမ်ရာများကို တိုးချဲ့ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဤဆေးရုံကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်စေရန် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးကုသရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးကြရန်၊ လူနာများကို နွေးထွေးပျူငှာစွာဆက်ဆံပြီး ပြည်သူများ အားကိုးယုံကြည်ရသည့် ဆေးရုံများဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုပါကြောင်း ပြောကြားသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ စဝ်စံထွန်းပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ငါးထပ်ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့သည် အရေးပေါ်ဆေးကုသမှုဌာန၊ နှလုံးကြပ်မတ်ကုသဆောင်၊ ဆေးကုသဆောင်၊ ကျောက်ကပ်သွေးသန့်စင်ဌာနတို့တွင် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လူနာများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခု ဖွင့်လှစ်သည့် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ကို နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေကျပ် ၂ ဒသမ ၅ ဘီလီယံကျော် (၂၅၉၂ ဒသမ ၅ ကျပ်သန်း) အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အရေးပေါ်ကုသမှုဌာနနှင့် စာသင်ခန်းမ၊ ဓာတ်မှန်ဌာန၊ အရိုးကုသဆောင်၊ အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုမည့် (Endoscopy) အခန်းနှင့် ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ စာသင်ခန်းများ၊ ခွဲစိတ်ခန်း ငါးခန်းတို့ပါဝင်ကာ လူနာခုတင်အသစ်များ၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ အရေးပေါ်ဌာနတို့အတွက် လိုအပ်သည့် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများကို ဖြည့်ဆည်းတပ်ဆင်ပေးထားပြီး ဆေးတက္ကသိုလ် – တောင်ကြီး လေးထပ်စာသင်ဆောင်သစ်ကို စုစုပေါင်း ကုန်ကျငွေကျပ်သန်းပေါင်း ၁၄၀၃ သန်းကို အသုံးပြုကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆေးတက္ကသိုလ် – တောင်ကြီးတွင် ၂၀၂၄ ပညာသင်နှစ်အတွက် ဆေးပညာ မဟာသိပ္ပံဘွဲ့လွန်သင်တန်းကို စတင်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်းသို့သွားရောက်ကာ ဆရာ/ ဆရာမ၊ သင်တန်းသား/ သင်တန်းသူများကို တွေ့ဆုံပြီး သင်ကြားရေးလုပ်ငန်းများနှင့် နေထိုင်စားသောက်ရေးအတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ သားဖွားသင်တန်းကျောင်းသို့သွားရောက်ကာ သင်တန်းသူ/သင်တန်းသားများကို တွေ့ဆုံအားပေးစကား ပြောကြား၍ လိုအပ်ချက်များကိုဖြည့်ဆည်းပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းများသို့ အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာရောင်းချပေး

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းများသို့ အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ယမန်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနက မော်တော်ယာဉ်များဖြင့် သွားရောက်ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် ကြက်သား၊ ငါး ၊ ကြက်ဥ ၊ ဘဲဥများကို ရောင်းချပေးပြီး ကြက်သား တစ်ပိဿာလျှင် ငွေကျပ် ၅၉၅၀ နှုန်းဖြင့် ကြက်သား ၁၀ ပိဿာ၊ ငါးတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ နှုန်းဖြင့် ငါး ၁၀ ပိဿာ၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ကြက်ဥအလုံး ၆၀၀ ၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၂၈၀ နှုန်းဖြင့် ဘဲဥအလုံး ၂၇၀ တို့ကို ရောင်းချပေးကြောင်းနှင့် သတ်မှတ်ရက်အလိုက် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းများသို့ အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

ရွှေပြည်သာ၊ လသာ၊ မြောက်ဥက္ကလာ၊ ကမာရွတ်၊ ဒဂုံမြို့သစ်၊ မှော်ဘီ၊ ထန်းတပင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သဃ်္ဃန်းကျွန်း၊ လှိုင်သာယာ(အနောက်ပိုင်း)၊ အင်းစိန်၊ ရန်ကင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ လမ်းမတော်၊ ဗိုလ်တထောင်၊ သန်လျင်၊ လှည်းကူးမြို့နယ်များ၌ ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းများသို့ ကြက်ဥအလုံး ၂၂၀၀၀ ၊ ဘဲဥအလုံး ၉၉၉၀ ၊ ငါးပိဿာ ၃၇၀ ၊ ကြက်သား ပိဿာ ၃၇၀ တို့ကို လိုက်လံရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယ

သာကျော်

**၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုရင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့တာ (၇၆) နှစ် ပြည့်ပါပြီ။ ရက်ကိုလစား၊ လကိုနှစ်စားပြီး အချိန်ကုန်တာတွေ မြန်လိုက်တာဟု ထင်ရပါတယ်။ လွန်ခဲ့တဲ့ ၁၉၄၈ ခုနှစ်က အင်္ဂလိပ်တို့ဆီကနေ လွတ်လပ်ရေးရခဲ့တယ်။ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝကလွတ်မြောက်ပြီး လွတ်လပ်တဲ့နိုင်ငံ၊ လွတ်လပ်တဲ့လူမျိုးအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့တယ်။**

လွတ်လပ်ရေးကို တိုင်းရင်းသားအားလုံး တညီတညွတ်တည်း လက်တွဲရယူပြီး ပြည်ထောင်စုနိုင်ငံတော်ကြီးတည်ဆောက်ဖို့ သဘောတူခဲ့ကြပါတယ်။ ပြည်ထောင်စုကြီးနိုင်ငံတော်အတွက် အုတ်မြစ်တွေချခဲ့ကြပါတယ်။ လွတ်လပ်ရေးကြီးအတွက် သန္နိဋ္ဌာန်တွေချခဲ့ကြပါတယ်။ ညီညွတ်မှုရဲ့ရလဒ်က အားလုံးလိုလားတဲ့ လွတ်လပ်ရေးရရှိခြင်းပဲ ဖြစ်ပါတယ်။ အဲဒီအချိန်က သူ့ကျွန်ဘဝကလွတ်မြောက်ပြီး လွတ်လပ်တဲ့နိုင်ငံ၊ လွတ်လပ်တဲ့ ပြည်သူတွေအဖြစ်နဲ့ အပျော်ကြီးပျော်ခဲ့ကြပါတယ်။ လွတ်လပ်ရေးအောင်ပွဲတွေ ခြိမ့်ခြိမ့်သဲကျင်းပပြီး အောင်ပွဲခံခဲ့ကြပါတယ်။



၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို နေပြည်တော်၌ ကျင်းပစဉ်။

### ခါးသီးတဲ့အတွေ့အကြုံများ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ နိုင်ငံရေးသဘောထားကွဲလွဲတာတွေက ပုံစံအမျိုးမျိုးနဲ့ ထွက်ပေါ်လာပါတယ်။ နိုင်ငံရေးသဘောထားကွဲလွဲတာတွေကနေတစ်ဆင့် အချင်းချင်း လက်နက်ကိုင်တိုက်ခိုက်မှုတွေနဲ့ပဲ နိုင်ငံရဲ့အဖိုးတန်အချိန်တွေ ကုန်ဆုံးခဲ့ရပါတယ်။ ဒီကနေ့အထိလည်း လက်နက်ကိုင်တိုက်ခိုက်တာတွေက ပိုပြီးကျယ်ပြန့်နေပါတယ်။ သဘောကွဲလွဲတာတွေ၊ စိတ်ဝမ်းကွဲတာတွေကြောင့် နိုင်ငံတည်ဆောက်ရေးကို တစိုက်မတ်မတ် မလုပ်နိုင်ခဲ့ပါဘူး။ စီးပွားရေးတွေလည်း ကျဆင်းခဲ့လို့ နိုင်ငံဟာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။ တဖြည်းဖြည်းနဲ့ သူများနောက်ကို ရောက်လာပါတယ်။ နိုင်ငံရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးကဏ္ဍတွေမှာ စိန်ခေါ်မှုတွေ ဖြစ်လာခဲ့ပါတယ်။ နိုင်ငံရေးနဲ့ လုံခြုံရေး မတည်ငြိမ်တဲ့အတွက် စီးပွားရေးကို ထိခိုက်စေခဲ့ပါတယ်။ အဲဒီခါးသီးတဲ့အတွေ့အကြုံတွေကြောင့် ပြုပြင်ပြောင်းလဲဖို့ အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီအခွင့်အလမ်းတွေကို အသုံးမချနိုင်ခဲ့ကြပါဘူး။

လက်ရှိမှာလည်း ကျယ်ပြန့်လာတဲ့ လက်နက်ကိုင်တိုက်ခိုက်တာတွေက စီးပွားရေးကို ပိုပြီးကျပ်တည်းစေလျက် ရှိပါတယ်။ ကမ္ဘာမှာဖြစ်နေတဲ့ ပဋိပက္ခတွေနဲ့ တိုက်ခိုက်မှုတွေကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ စီးပွားရေးတွေကျပ်တည်းနေတာ၊ တိုးတက်မှုနှုန်းကျဆင်းတာ၊ မရေရာမသေချာမှုတွေ ဖြစ်ပွားနေတဲ့အတွက် အဲဒီဂယက်ကလည်း ပြည်တွင်းအကျပ်အတည်းတွေကို ဖိအားပိုဖြစ်စေလျက်ရှိပါတယ်။ အဘက်ဘက်ကဖြစ်လာတဲ့ ဖိအားနဲ့အကျပ်အတည်းတွေက စီးပွားရေးမှာ ကုန်စျေးနှုန်းကြီးမြင့်မှု၊ ငွေကြေးဖောင်းပွမှု၊ ကုန်သွယ်ရေးကျဆင်းမှုစတဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေ ဖြစ်ပေါ်စေပါတယ်။ ဒီအကျိုးဆက်တွေကြားမှာ ပြည်သူတွေဟာ ခါးသီးစွာနဲ့ ရုန်းကန်နေကြရပါတယ်။

### နိုင်ငံတည်ဆောက်ရေး

နိုင်ငံတည်ဆောက်ရေးက လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဦးစားပေး လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးဟာ နိုင်ငံရဲ့ရေရှည်စီးပွားရေးတိုးတက်ဖို့၊ လူမှုရေးနဲ့ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ အင်စတီကျူးရှင်းတွေကိုဖန်တီးပြီး ခိုင်မာအားကောင်းစေခြင်း ဖြစ်ပါတယ်။ နိုင်ငံတည်ဆောက်ရေးဟာ ကျယ်ပြန့်ပါတယ်။ အဲဒီလုပ်ငန်းစဉ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ ကဏ္ဍမျိုးစုံပါဝင်ပါတယ်။

နိုင်ငံတည်ဆောက်ရေးဟာ လုံခြုံရေး၊ နိုင်ငံရေးနဲ့ စီးပွားရေးအပေါ်မှာ အခြေခံကြောင်း နိုင်ငံရေးသိပ္ပံပညာရှင် အန်ဒါပါဆင်က ဆိုပါတယ်။ အဲဒီအခြေခံသုံးချက်ခိုင်မာမှသာ အခြားကဏ္ဍတွေကို တည်ဆောက်နိုင်မှာပါ။ ဒါကြောင့် နိုင်ငံတည်ဆောက်ရေးဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အစိတ်အပိုင်းဖြစ်တယ်လို့ဆိုကြတာ ဖြစ်ပါလိမ့်မယ်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲနဲ့ စီးပွားရေးတိုးတက်အောင်တည်ဆောက်ဖို့ မလွယ်ပါဘူး။ အလားတူပဲ နိုင်ငံရေးနဲ့ စီးပွားရေး မတည်ငြိမ်ဘဲ အခြားကဏ္ဍတွေကို မြှင့်တင်ဖို့ခက်ခဲပါတယ်။

> **နိုင်ငံတည်ဆောက်ရေးက လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဦးစားပေး လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးဟာ နိုင်ငံရဲ့ ရေရှည်စီးပွားရေးတိုးတက်ဖို့၊ လူမှုရေးနဲ့ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ အင်စတီကျူးရှင်းတွေကိုဖန်တီးပြီး ခိုင်မာအားကောင်းစေခြင်း ဖြစ်ပါတယ်။ နိုင်ငံတည်ဆောက်ရေးဟာ ကျယ်ပြန့်ပါတယ်။ အဲဒီလုပ်ငန်းစဉ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ ကဏ္ဍမျိုးစုံ ပါဝင်ပါတယ်**

နိုင်ငံရေး၊ လုံခြုံရေးနဲ့ စီးပွားရေးရဲ့ အပြန်အလှန်ဆက်နွှယ်နေမှုကို ဒီကနေ့ မြန်မာနိုင်ငံရဲ့ အကျပ်အတည်းတွေမှာ သိသိသာသာတွေ့မြင်နိုင်ပါတယ်။ လက်ရှိဖြစ်နေတဲ့ မတည်ငြိမ်တဲ့အခြေအနေတွေကြောင့် ကုန်စျေးနှုန်းတွေလည်း တရိပ်ရိပ်မြင့်တက်နေပါတယ်။ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ကျဆင်းမှုတွေ ရင်ဆိုင်နေရပါတယ်။ ဒီတော့ နိုင်ငံရဲ့စီးပွားရေးကဏ္ဍကို ကိုင်တွယ်ဖြေရှင်းဖို့ဆိုရင် နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာများနဲ့ အတူ တစ်ပြိုင်နက်တည်း ကိုင်တွယ်ဖြေရှင်းရမှာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်က မြန်မာ့အသွင်ကူးပြောင်းရေးမှာ နိုင်ငံရေးပြုပြင် ပြောင်းလဲရေးနဲ့အတူ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ ကဏ္ဍအသီးသီးကို ဟန်ချက်ညီ ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ နှစ်ကာလကြာရှည်နေတဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေကို နိုင်ငံရေးနည်းနဲ့ ငြိမ်းချမ်းစွာဖြေရှင်းဖို့ အားထုတ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှုနဲ့အတူ တည်ငြိမ်မှုနဲ့အေးချမ်းမှုရဲ့ အသီးအပွင့်ကို ခံစားခွင့်ရရှိစေခဲ့ပါတယ်။ ရရှိတဲ့ရလဒ်က နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်းနဲ့ ပြည်သူလူထုရဲ့လူမှုဘဝကို မြင့်တက်စေခဲ့ပါတယ်။ အဲဒီပြုပြင်ပြောင်းလဲမှုဟာ နိုင်ငံရဲ့ ဦးတည်ချက်နဲ့စာရင် ပြည့်စုံတယ်လို့ မဆိုနိုင်ပေမယ့် အတိုင်းအတာတစ်ခုအထိ နိုင်ငံတည်ဆောက်ရေးကို ထိရောက်စေခဲ့ပါတယ်။

ဒီကနေ့မှာလည်း နိုင်ငံတည်ဆောက်ရေးအတွက် လုပ်ဆောင်ရမယ့်လုပ်ငန်းစဉ်တွေဟာ များပြားရှုပ်ထွေးလှပါတယ်။ မြန်မာနိုင်ငံအတွက် နိုင်ငံတည်ဆောက်ရေးဟာ ပန်းခင်းလမ်းတစ်ခု ဖြစ်ဖို့မလွယ်ကူပါဘူး။ ရင်ဆိုင်ဖြတ်ကျော်ရမယ့် စိန်ခေါ်မှုတွေများပါတယ်။ ဒီစိန်ခေါ်မှုတွေကြားက အပြုသဘောဆောင်တဲ့ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်ဖြစ်ဖို့အတွက် စေ့စပ်ညှိနှိုင်းတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေအပါအဝင် ပူးပေါင်းဆောင်ရွက်မှုရှိတဲ့ အပြန်အလှန်ဆက်ဆံရေးတွေ အဓိကလိုအပ်မှာ ဖြစ်ပါတယ်။

### နိုင်ငံရေးအကျပ်အတည်း အဆွယ်အပွား

လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးအကျပ်အတည်းတွေဟာ နိုင်ငံရေးပဋိပက္ခတွေရဲ့ အဆွယ်အပွားတွေ ဖြစ်ပါတယ်။ နယ်စပ်ဒေသတိုက်ပွဲတွေကြောင့် မြန်မာ့စီးပွားရေးမှာ အဓိကကျတဲ့ နယ်စပ်ကုန်သွယ်ရေးကို များစွာထိခိုက်စေခဲ့ပါတယ်။ ကုန်သွယ်ရေးနဲ့ စီးပွားရေး ထိခိုက်ကျဆင်းမှုတွေဟာ ပြည်သူလူထုရဲ့ နေ့စဉ်စားဝတ်နေရေး အကျပ်အတည်းတွေကို ဖန်တီးပေးနေပါတယ်။ ဖြစ်စဉ်တစ်ခုနဲ့တစ်ခု ဆင့်ကဲဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေဟာ နောက်ဆုံးနိုင်ငံမတည်ငြိမ်မှုဆီကို ရောက်ရှိလာစေပါတယ်။ တိုက်ပွဲတွေကြောင့် ဖြစ်လာတဲ့ အခြေအနေတွေဟာ စီးပွားရေးလုပ်ကိုင်ဖို့ အခက်အခဲ၊ သယ်ယူပို့ဆောင်ရေးအခက်အခဲ၊ မလုံခြုံမှု၊ စရိတ်စကမြင့်မားမှု စတဲ့ စီးပွားရေးအခွင့်အလမ်းတွေကို အကန့်အသတ်ဖြစ်စေခဲ့ပါတယ်။ ပြည်တွင်းအကျပ်အတည်းတွေကို ရင်ဆိုင်နေရချိန်မှာ နိုင်ငံတကာ ပိတ်ဆို့မှုတွေနဲ့ ဖိအားတွေဟာ နိုင်ငံရဲ့စီးပွားရေးကို အပြုသဘောမဖြစ်စေခဲ့ပါဘူး။

ဒီလိုအခြေအနေမှာ နိုင်ငံရေးပဋိပက္ခတွေရဲ့ အဆွယ်အပွားတစ်ခုဖြစ်တဲ့ စီးပွားရေးကျပ်တည်းမှု ပြန်လည်ရှင်သန်လာဖို့နဲ့ တိုးတက်လာဖို့ဆိုရင် အခုရင်ဆိုင်နေရတဲ့ အကျပ်အတည်းတွေရဲ့ အကြောင်းရင်းဇာစ်မြစ်တွေကို ဦးစွာဖြေရှင်းကြရမှာ ဖြစ်ပါတယ်။ ဒီလို စီးပွားရေးအကျပ်အတည်းတွေကို ဖြေရှင်းရာမှာ ဆေးမြီးတိုနဲ့ ဖြေရှင်းလို့မရနိုင်ပါဘူး။ အကျပ်အတည်းတွေဟာ တစ်ခုနဲ့တစ်ခု ကွင်းဆက်လို ချိတ်ဆက်နေပါတယ်။ ဆေးမြီးတိုနဲ့ ဖြေရှင်းတာဟာ ရောဂါလက္ခဏာတွေကို ပျောက်ကောင်းပျောက်နိုင်ပါတယ်။ ဒါပေမယ့် ရောဂါရဲ့ဇာစ်မြစ်ကို မကုစားနိုင်ပါဘူး။ ရောဂါဇာစ်မြစ်တွေရှိနေသမျှ ဒီရောဂါတွေက အချိန်မရွေး ပြန်ဖြစ်နေပါလိမ့်ဦးမယ်။ ကမ္ဘာ့စီးပွားရေးဟာလည်း ကိုဗစ်ကပ်ရောဂါ၊ ယူကရိန်းစစ်ပွဲတို့ကြောင့် ကျဆင်းနေပါတယ်။ ဒီဂယက်တွေက မြန်မာ့စီးပွားရေးကို ရေနစ်နေသူဝါးကူထိုးသလို ဖြစ်နေပါတယ်။ မြန်မာ့စီးပွားရေးအပေါ် ဒီလိုအဘက်ဘက်က ရိုက်ခတ်မှုတွေကို ကျော်လွှားဖို့နဲ့ ရေရှည်တိုးတက်ဖို့အတွက် လက်တွေ့ကျတဲ့မူဝါဒတွေချမှတ်ပြီး အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။

### စီးပွားရေးအကျပ်အတည်းဖြေရှင်းဖို့

နိုင်ငံတစ်နိုင်ငံမှာ ပဋိပက္ခတွေနဲ့ လက်နက်ကိုင်တိုက်ခိုက်တာတွေဖြစ်ပွားလာရင် စီးပွားရေးနဲ့ အခြားကဏ္ဍတွေကို မလွဲမသွေထိခိုက်စေပါတယ်။ ဖြစ်နေတဲ့ပဋိပက္ခတွေ ကြာရှည်လာတာနဲ့အမျှ ပဋိပက္ခတွေဟာ နက်ရှိုင်းလာပြီး ဖြေရှင်းဖို့ခက်ခဲလာတဲ့အပြင်

*စာမျက်နှာ ၁၁ သို့*

## မြောင်းမြမြို့ အထက (ခွဲ) နှင့် အလက(၁) ကျောင်း၌ ဟောပြောပွဲနှင့် ပြပွဲများပြုလုပ်



**မြောင်းမြ ဇန်နဝါရီ ၂**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အထက (ခွဲ) အလက(၁)ကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် တခြား အထွေထွေဗဟုသုတနှင့် စာဖတ်သည့် အလေ့အထများရရှိစေရန် ရည်ရွယ်၍ ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်စာစောင်ပြပွဲများကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ဦးစွာ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က အမှာစကား ပြောကြားခဲ့ပြီး "လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ အဆိုပါ ဟောပြောပွဲတွင် ပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ၊ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာပြီး အသိပညာဗဟုသုတ ကြွယ်ဝလာစေရန်အတွက် စာဖတ်ဝိုင်းဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ စာအုပ်ပြပွဲများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

## မိတ္ထီလာမြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၂**
မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။



အဆိုပါအလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အလယ်တန်းအဆင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၂၆ ဦးက လွတ်လပ်ရေးနေ့ဆိုင်ရာ ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက် မှ ၃ ရက်အထိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြောသည်။ အဆိုပါ ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဇန်နဝါရီ ၄ ရက်တွင် မြို့မရပ်ကွက် လွတ်လပ်ရေးပန်းခြံ၌ ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရွှေတောင်မြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွာတွင်းကွန်ကရစ်လမ်းဖွင့်

**ရွှေတောင် ဇန်နဝါရီ ၂**
ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မဲတောအုပ်စု ကမ်းတင်ကျေးရွာတွင် ယနေ့ နံနက်ပိုင်းက (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းဖြင့် ဆောင်ရွက်သည့် ရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းထွန်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေတောင်မြို့နယ် မဲတောအုပ်စု ကမ်းတင်ကျေးရွာ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွာတွင်းကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါလမ်းအား ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းဖြင့် ကျေးရွာကိုးရွာဆောင်ရွက်နိုင်ခဲ့ပြီး မဲတောအုပ်စု ကမ်းတင်ကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းကို (ပေ ၅၅၀ x အလျား ၁၂ ပေ x ထု ၆ လက်မ) ရှိပြီး ငွေကျပ်သိန်း ၁၂၀ နှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းအတွက် ငွေကျပ်သိန်း ၃၀ ကျေးရွာပြည်သူထည့်ဝင်ငွေဖြင့် ကွန်ကရစ်လမ်း (ပေ ၂၀၀ x အလျား ၁၂ ပေ x ထု ၆ လက်မ) ကုန်ကျငွေကျပ် ၄၀ ဒသမ ၁ သိန်း စုစုပေါင်း ကုန်ကျငွေကျပ် ၁၉၀ ဒသမ ၁ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန် /ဆက်)**



## ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသောဆန်အိတ်များ ဘုန်းတော်ကြီးကျောင်းများသို့ဆက်ကပ်

**မောင်တော ဇန်နဝါရီ ၂**
ရခိုင်ပြည်နယ် မောင်တောမြို့၌ ပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းသော ဆန်အိတ်များကို မြို့ပေါ်ရှိဘုန်းတော်ကြီးကျောင်းများသို့ ဇန်နဝါရီ ၁ ရက်က ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံထွန်းအောင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်ကြီး၊ သာသနာရေးမှူး ခရိုင်ဦးစီးမှူး ဦးကျော်ဇင်ဦးတို့က မြို့ပေါ်ရှိ ဘုန်းတော်ကြီးစာသင်တိုက်တစ်တိုက်လျှင် ၂၄ ပြည်ပါ ဆန်အိတ်သုံးအိတ်၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလျှင် ၂၄ ပြည်ပါ ဆန်အိတ် တစ်အိတ်နှုန်းဖြင့် ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်း စုစုပေါင်း ဆန်အိတ် ၁၇ အိတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး၊ အောင်ကျော်စိန် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*
ပဋိပက္ခထပ်မံဖြစ်ပွားဖို့ ပိုမိုလွယ်ကူစေပါတယ်။ အဲဒီလိုအခြေအနေတွေဟာ ပြင်ပက စွက်ဖက်လိုသူတွေအတွက် အမြတ်ထုတ်ဖို့ကောင်းတဲ့ အခွင့်အလမ်းကောင်းတွေပါပဲ။ ပြင်ပကနေ ဝင်ရောက်စွက်ဖက်တာတွေ၊ ကြိုးကိုင်ခြယ်လှယ်တာတွေက ပြည်တွင်းရေးကို မီးလောင်ရာလေပင့်ဖြစ်စေလို့ ပဋိပက္ခကို ပိုနက်ရှိုင်းစေပါတယ်။ အင်အားကြီးနိုင်ငံတွေက ဝင်ရောက်စွက်ဖက်လို့ ပဋိပက္ခသံသရာက ရုန်းမထွက်နိုင်တဲ့နိုင်ငံတွေ ကမ္ဘာမှာ အထင်အရှား ရှိနေပါတယ်။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာလည်း အလားတူပုံစံတွေ ရှိနေပါတယ်။

အခုဆို မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပဋိပက္ခတွေကို အကြောင်းပြုပြီးဖြစ်ပေါ်လာတဲ့ နိုင်ငံတကာရဲ့ အရေးယူပိတ်ဆို့မှုတွေဟာ အပြုသဘောထက် မြန်မာ့စီးပွားရေးနဲ့ ပြည်သူလူထုအပေါ် ဆိုးကျိုးတွေ များစွာဖြစ်စေလျက်ရှိပါတယ်။ ၂၀၂၃ ခုနှစ်အတွင်းက စီးပွားရေးပမာဏဟာ ကိုဗစ်ကပ်ရောဂါ မဖြစ်ခင်ကထက် ၃၀ ရာခိုင်နှုန်း ကျုံ့သွားခဲ့တယ်လို့ ကမ္ဘာ့ဘဏ်ကဆိုပါတယ်။ လူတစ်ဦးချင်းစီရဲ့ per capital GDP ဟာ ၁၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ လတ်တလောဖြစ်နေတဲ့ စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်း၊ ကျပ်ငွေတန်ဖိုးကျဆင်းတာတွေက အထွေထွေကုန်ဈေးနှုန်းကို မြင့်တက်စေလျက်ရှိပါတယ်။ ကျပ်တည်းလာတဲ့ စီးပွားရေးအခြေအနေကြောင့် မြန်မာနိုင်ငံလူဦးရေရဲ့ ၂၆ ရာခိုင်နှုန်းခန့်ဟာ ဆင်းရဲစွာနေထိုင်နေရတယ်လို့ ကမ္ဘာ့ဘဏ်က ဆိုပါတယ်။

၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့အဆင်းရဲဆုံး ၂၅ နိုင်ငံမှာ မြန်မာနိုင်ငံဟာ အဆင့် ၂၄ မှာ ရှိနေတယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ထုတ်ပြန်ထားပါတယ်။ လက်ရှိအခြေအနေတွေအရ မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းဟာ အနည်းငယ်သာရှိမယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါတယ်။ ၂၀၂၄ ခုနှစ် မတ်လအထိ ခန့်မှန်းချက်အရဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ ၁ ရာခိုင်နှုန်းကျော်သာ ရှိမယ်လို့ ဆိုပါတယ်။ ဒီအကျပ်အတည်းတွေဟာ နိုင်ငံအတွက် အနုတ်လက္ခဏာတွေဖြစ်ဖို့ ထိရောက်စွာကိုင်တွယ်ရမှာ ဖြစ်ပါတယ်။

### နောက်မကျသေးပါ

မြန်မာ့နိုင်ငံရေးပဋိပက္ခတွေနဲ့ ပတ်သက်လို့ ပြောဆိုနေကြတာ အပ်ကြောင်းထပ်နေပါပြီ။ ဒါပေမယ့်လည်း ထိရောက်တဲ့ရလဒ်ကတော့ တုံ့ဆိုင်းနေပြီး ပဋိပက္ခတွေနဲ့ပဲ သံသရာလည်နေတုန်းပါ။ မြန်မာနိုင်ငံမှာလက်ရှိကြုံတွေ့နေရတဲ့ စီးပွားရေးအပေါ် ရိုက်ခတ်မှုတွေဟာ နိုင်ငံရေးအကျပ်အတည်းကြောင့်ဖြစ်ရတဲ့ ဒဏ်ရာဒဏ်ချက်တွေဖြစ်တယ်လို့ ကမ္ဘာ့ဘဏ်အစီရင်ခံစာက ဆိုပါတယ်။ နိုင်ငံရေးအကျပ်အတည်းတွေက မြန်မာ့စီးပွားရေးကို အကျဘက်သို့ ဦးတည်စေလျက်ရှိပါတယ်။ ပဋိပက္ခတွေနဲ့ ရုန်းကန်ခဲ့ရတဲ့နိုင်ငံတွေ၊ စစ်ပွဲကြောင့် ပြာပုံဘဝကနေ တိုးတက်လာတဲ့နိုင်ငံတွေကိုကြည့်ရင် မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေတွေကို ကိုင်တွယ်ဖြေရှင်းဖို့နဲ့ ပြုပြင်ပြောင်းလဲဖို့ နောက်မကျသေးပါဘူး။ အခွင့်အလမ်းတွေရှိနေဆဲပါ။ ဒီအခွင့်အလမ်းတွေ ထိရောက်စွာအသုံးချဖို့လိုပါတယ်။ တစ်ဖက်မှာ နိုင်ငံရေးကို ကိုင်တွယ်ဖြေရှင်းဖို့လိုသလို တစ်ပြိုင်နက်တည်းမှာလည်း စီးပွားရေးအကျပ်အတည်းတွေကို ဖြေရှင်းရမှာ ဖြစ်ပါတယ်။

### မင်္ဂလာရှိသောအခါသမယ

ယခုဆိုလျှင် လွတ်လပ်ရေးရခဲ့တာ (၇၆) နှစ်ရှိပါပြီ။ လွန်ခဲ့တဲ့ (၇၆) နှစ်က လွတ်လပ်ရေးအောင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ အောင်ပွဲခံခဲ့ကြပါတယ်။ အဲဒီအောင်ပွဲဟာ လွတ်လပ်ရေးအတွက် အားလုံးလက်တွဲပြီး မဆုတ်မနစ်ကြိုးစားခဲ့လို့ရလာတဲ့ ကြီးမားတဲ့ ရလဒ်ကြီး ဖြစ်ပါတယ်။ လွတ်လပ်ရေးဆိုတဲ့ရလဒ်ကြီးအတွက် အားလုံးလည်း ပျော်ရွှင်ခဲ့ကြရပါတယ်။ ပြည်သူတစ်ရပ်လုံး ပျော်မဆုံးမော်မဆုံးတဲ့ မင်္ဂလာရှိတဲ့အခါသမယဆိုရင်လည်း မမှားပါဘူး။ အဲဒီလို ပျော်မဆုံးမော်မဆုံးတဲ့ မင်္ဂလာအခါသမယကို ပြန်လည်ရောက်ရှိလို့လာခဲ့ပါပြီ။ နိုင်ငံအတွက် မင်္ဂလာအခါသမယမှာ ပြည်သူတစ်ရပ်လုံး အေးချမ်းတည်ငြိမ်တဲ့ဘဝတွေပိုင်ဆိုင်နိုင်အောင် စစ်မှန်တဲ့စေတနာနဲ့ လက်တွဲကြိုးစားရမယ့်အချိန်လို့လည်း ခံစားမိပါတယ်။

နိုင်ငံရဲ့သမိုင်းကြောင်းနဲ့ယှဉ်ရင် လူ့ဘဝသက်တမ်းဆိုတာ တိုတိုလေးပါ။ ကိုယ့်တစ်ဘဝစာသက်တမ်းတိုတိုလေးအတွက် ကြည့်ဖို့ထက် နိုင်ငံအတွက် ရေရှည်ကြည့်ကြဖို့ အချိန်တန်ပါပြီ။ တိုးတက်တဲ့နိုင်ငံတွေမှာလည်း အတိတ်ကခက်ခဲမှု၊ ကျပ်တည်းမှု၊ ရုန်းကန်ရမှုနဲ့ ပေးဆပ်မှုတွေရှိခဲ့ကြတာပါပဲ။ အဲဒီလိုအခက်အခဲတွေကို ညှိနှိုင်းဖြေရှင်းကြရင်းနဲ့ တိုးတက်လာကြပါတယ်။ တိုးတက်နိုင်တဲ့ အခွင့်အလမ်းကတော့ ကြိုးစားလိုသူတိုင်းအတွက် အစဉ်အမြဲရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ အကျပ်အတည်းတွေကလည်း အဲဒီအတိုင်းပါပဲ။ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းတွေဖြေရှင်းဖို့၊ ကျော်လွှားဖို့နဲ့ အောင်မြင်ဖို့အခွင့်အလမ်းတွေရှိနေဆဲပါ။ ဒါကြောင့် အခုလို မင်္ဂလာရှိတဲ့အခါသမယမှာ ပြည်သူအားလုံးကိုယ်စိတ်နှစ်ပါးချမ်းသာဖို့ လက်တွဲဆောင်ရွက်ကြပါစို့လို့ အပြုသဘောနဲ့ တိုက်တွန်းလိုပါတယ်။ ။

# (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ၊ ထုပ်ဆီးတိုး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှု ရရှိစေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ၊ ထုပ်ဆီးတိုး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း/ အားကစားရုံ များ၌ ဆက်လက်ကျင်းပရာ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လေ့ကျင့်ရေးကွင်းအမှတ်(၁) နှင့် (၃) အကြားတွင် ကျင်းပလျက်ရှိသည့် လွန်ဆွဲ (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ **(ယာပုံ)** ထုပ်ဆီးတိုး (အမျိုးသမီး) ပြိုင်ပွဲ အကြို ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပလျက်ရှိသည့် ဘော်လီဘော (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်များကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ဆက်လက် ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမော့လဲ-တခွက်ဖိုး(ပန်တော်မှီ)ကျေးရွာချင်းဆက် ကတ္တရာထပ်ပိုးလွှာလမ်း၊ တခွက်ဖိုး - ပန်တော်မှီလမ်း ကွန်ကရစ်လမ်းသစ်နှင့် လှိုင်းဘွဲ့ - ပိုင်ကျုံ ကတ္တရာလမ်းဖွင့်

**ဘားအံ ဇန်နဝါရီ ၂**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ရွှေဒုံသမိကုမ္ပဏီနှင့် မြန်မာတိုးတက်ချမ်းသာကုမ္ပဏီတို့မှ ဆောင်ရွက်ပြီးစီးသော လှိုင်းဘွဲ့မြို့နယ် ကမော့လဲ - တခွက်ဖိုး (ပန်တော်မှီ) ကျေးရွာချင်းဆက် ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။



လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိဒေသ တိုးတက်လာစေရေး အဖျက်အမှောင့်သမားများ၏ စကား နားယောင်မှုမရှိဘဲ မိမိအကျိုးစီးပွား၊ ဒေသအကျိုးစီးပွားများ ဖွံ့ဖြိုးရေးအတွက် အမြင်ကျယ်ကျယ်ဖြင့်ရှုမြင်ပြီး လက်ရှိဆောင်ရွက်ပြီးဖြစ်သော လမ်း/ တံတားပိုင်း ဆိုင်ရာများကို ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးအောင်ထွဋ်က ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၃၃ ဒသမ ၈၇၃သန်းဖြင့် ၁၂ ပေအကျယ်၊ သုံးလက်မထု၊ အမာခံလမ်းပခုံးလေးပေစီဖြင့် ကတ္တရာထပ်ပိုးလွှာလမ်း သုံးမိုင်ခင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကမော့လဲ-တခွက်ဖိုး (ပန်တော်မှီ) ကျေးရွာချင်းဆက် ကတ္တရာထပ်ပိုးလွှာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)** ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆိုပါလမ်းပိုင်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လှိုင်းဘွဲ့မြို့နယ်အတွင်း ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လင်းရောင်စိန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော တခွက်ဖိုး-ပန်တော်မှီလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ပြည်နယ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော လှိုင်းဘွဲ့ - ပိုင်ကျုံကတ္တရာလမ်းဖွင့်ပွဲကို အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းဖွင့်ပွဲသို့ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူး၍ ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါလမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ကူညီခဲ့ကြပြီး မိမိတို့ဒေသများ၌ မူလတာဝန်များကိုပြန်လည်ထမ်းဆောင်ရန် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားတွေ့ဆုံပြီး ဂုဏ်ပြုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်

**စစ်တွေ ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်၍ ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ကူညီခဲ့ကြပြီး မိမိတို့ဒေသများ၌ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာကြမည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ အားတွေ့ဆုံပြီး ဂုဏ်ပြုအားပေး စကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ **(ဝဲပုံ)**



**လာရောက်ယှဉ်ပြိုင်**

(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကို စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ စစ်တွေမြို့နယ် ရပ်ကွက်အသီးသီးမှ မွေးစမှအသက်ခြောက်လအထိ ကလေးငယ်များ၊ အသက်ခြောက်လမှ အသက် တစ်နှစ်အထိ ကလေးငယ်များ၊ အသက်တစ်နှစ်မှ တစ်နှစ်ခြောက်လအထိ ကလေးငယ်များ စုစုပေါင်း ၁၅၀ လာရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်ကလေးများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ကျန်းမာရေး စောင့်ရှောက်ပေးနိုင်မှုတို့ကို ဒိုင်အဖွဲ့ သုံးဖွဲ့နှင့် ဒိုင်ချုပ်တစ်ဖွဲ့ဖြင့် ပေးကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ကလေးပြိုင်ပွဲသို့ ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ပြိုင်ပွဲဝင်ကလေးများ ယှဉ်ပြိုင်နေမှုကို လာရောက်ကြည့်ရှုအားပေးကြပြီး မုန့်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသည့်ကလေးများကို (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နှစ်သစ်အစမှာ ပြင်းထန်သည့် ငလျင်ဘေးနှင့် ကြုံတွေ့ခဲ့ရသည့် ဂျပန်နိုင်ငံ



ဝါဂျီးမားမြို့တွင် ငလျင်လှုပ်မှုကြောင့် အဆောက်အအုံပြိုကျပျက်စီးနေသည်ကို တွေ့ရစဉ်။

**နှင်းမိုးအိမ်**

၂၀၂၄ ခုနှစ် နှစ်သစ်အစမှာပဲ ဂျပန်နိုင်ငံမှာ ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခဲ့ပါတယ်။ ဂျပန်နိုင်ငံ အလယ်ပိုင်း အိုရှီခဝါ စီရင်စုမှာ ဇန်နဝါရီ ၁ ရက်နေ့က ငလျင်လှုပ်ခဲ့ပါတယ်။ ဂျပန် ပင်လယ်ပြင်တစ်လျှောက် ဆူနာမီသတိပေးချက်ထုတ်ပြန်မှုများကို ဂျပန်မိုးလေဝသအေဂျင်စီကနေ အဆင့်လျှော့ချရုပ်သိမ်းခဲ့ပါတယ်။ ဒါပေမယ့်လည်း ပြင်းအားများတဲ့ငလျင်တွေ တစ်ပတ်အတွင်း လှုပ်လာနိုင်တာကြောင့် ဒေသခံများအနေနဲ့ သတိထားကြဖို့ မိုးလေဝသအေဂျင်စီကနေ သတိပေးထားပါတယ်။

## အမြန်ဆုံးကယ်တင်ဖို့လို

ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ပြီးတဲ့နောက် နောက်ထပ် လှုပ်ခါမှုပေါင်း ၁၀၀ ခန့် တွေ့ရှိခဲ့တယ်လို့ မိုးလေဝသအေဂျင်စီကပြောပါတယ်။ ညနေ ငါးနာရီနောက်ပိုင်းမှာတော့ ဂျပန် ဝန်ကြီးချုပ် ကီရှီဒါဖူမီယိုက သဘာဝဘေးသက်သာချောင်ချိရေး လုပ်ငန်းတွေမှာ သူကိုယ်တိုင် ဦးစီးဦးဆောင်ပြုလုပ်သွားမယ်လို့ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ သဘာဝဘေးဒဏ်ခံဒေသမှာ ငလျင်ဒဏ်ကြောင့်လမ်းတွေ ပျက်စီးကုန်တာဖြစ်လို့ ဂျပန်တပ်ဖွဲ့ဝင်တွေကို စေလွှတ်ဖို့မလွယ်ကူးဘူးလို့ ဂျပန်ဝန်ကြီးချုပ်က ပြောပါတယ်။ အဆောက်အအုံတွေဟာ ပြိုကျမယ့်အန္တရာယ်နဲ့ ကြုံတွေ့နေရတာဖြစ်တဲ့အတွက် အဆောက်အအုံအတွင်း ပိတ်မိနေသူတွေကို အမြန်ဆုံးကယ်တင်ဖို့ လိုတယ်လို့ သူကဆက်ပြောပါတယ်။

## ဒဏ်ရာရရှိသူတဖြည်းဖြည်းတိုးလာ

သောက်သုံးရေ၊ အစားအစာ၊ စောင်၊ စက်သုံးဆီများ အပါအဝင် လိုအပ်သည့်ပစ္စည်းများ ပေးပို့ဖို့လည်း အရာရှိတွေကို ဝန်ကြီးချုပ်က အမိန့်ပေးထားပါတယ်။ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်း မှာတော့ အိုရှီခဝါ စီရင်စုမှာ အအေးဓာတ်ပြင်းထန်လိမ့်မယ်လို့ မိုးလေဝသအရာရှိတွေက ပြောပါတယ်။ ဒဏ်ရာရရှိသူနဲ့ ပျက်စီးဆုံးရှုံးမှုစာရင်းတွေကတော့ တဖြည်းဖြည်းတိုးလို့လာပါတယ်။ ဇန်နဝါရီ ၁ ရက် ည ၁၁ နာရီအထိ အိုရှီခဝါ၊ နာအီဂီတာ၊ တိုယိုမာ၊ ဂီဖုနဲ့ဖူကူအီ စီရင်စုတွေမှာ ဒဏ်ရာရရှိသူတွေ ဆေးရုံသို့လာရောက်ကြတယ်လို့ မီးသတ်ဌာနတွေနဲ့ ဆေးရုံတွေက တာဝန်ရှိသူတွေက အင်န်အိတ်ချ်ကေကို ပြောပါတယ်။ ဒဏ်ရာရရှိသူ အများစုကတော့ အရာဝတ္ထုတွေပြုတ်ကျတာကြောင့် ကျိုးပဲ့ဒဏ်ရာရတဲ့သူတွေ လာပြတာများတယ်လို့ သိရပါတယ်။

## အကူအညီတောင်းခံသူတွေများပြား

ငလျင်ကြောင့် အိမ်ပြိုကျပြီးနောက် အိမ်ပျက်ထဲကနေ မထွက်နိုင်တဲ့သူတွေဆီကနေ အကူအညီတောင်းခံမှုတွေ အများအပြား လက်ခံရရှိခဲ့တယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။ အိုရှီခဝါမှာတော့ ပြိုကျနေတဲ့အဆောက်အအုံအောက်ခြေမှာ ပိတ်မိနေတဲ့လူတွေဟာ မီးသတ်ဌာနထံ အကူအညီတောင်းခံခဲ့တယ်လို့သိရပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပြီဖြစ်သလို ပျက်စီးဆုံးရှုံးမှု ပမာဏကိုလည်း အာဏာပိုင်တွေက အကဲဖြတ်နေကြပါတယ်။ ဒါပေမယ့်လည်း အကူအညီတောင်းခံတဲ့ဖုန်းခေါ်ဆိုမှု အလွန်များနေတာကြောင့် သူတို့မှာ ဝန်ပိနေတယ်လို့ အာဏာပိုင်တွေကပြောပါတယ်။

## လမ်းတွေပျက်စီး

နေအိမ်ပျက်စီးဆုံးရှုံးသွားတဲ့ လူပေါင်း ၅၀ ဆီကနေ အကူအညီတောင်းခံတဲ့ဖုန်းတွေ လက်ခံရရှိခဲ့တယ်လို့ ဝါဂျီးမားမြို့ မီးသတ်ဌာနက ပြောပါတယ်။ အချို့သော အကူအညီတောင်းခံတဲ့ ဖုန်းတွေဆိုရင် အဆောက်အအုံအောက်မှာ ပိတ်မိနေတဲ့အတွက် အကူအညီတောင်းခံကြတာပဲဖြစ်ပါတယ်။ ဆေးရုံတွေမှာဆိုရင်လည်း လမ်းတွေပျက်စီးနေတဲ့အတွက် ဆရာဝန်တွေ အချိန်မီရောက်နိုင်ဖို့ အခက်တွေ့နေရပါတယ်။

## လျှပ်စစ်မီးပြတ်တောက်

လျှပ်စစ်မီးလည်း ပြတ်တောက်နေလို့ အရန်မီးစက်တွေမောင်းပြီး ဆေးရုံကိုလည်ပတ်နေရပါတယ်။ ဝါဂျီးမားမြို့က နောက်ထပ်ဆေးရုံတစ်ရုံမှာတော့ လူနာတွေကို ကားပါကင်မှာပဲ ဆေးကုသပေးနေရပါတယ်။

> ❖ ငလျင်ကြောင့် အိမ်ပြိုကျပြီးနောက် အိမ်ပျက်ထဲကနေ မထွက်နိုင်တဲ့သူတွေဆီကနေ အကူအညီတောင်းခံမှုတွေ အများအပြား လက်ခံရရှိခဲ့တယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။ အိုရှီခဝါမှာတော့ ပြိုကျနေတဲ့အဆောက်အအုံအောက်ခြေမှာ ပိတ်မိနေတဲ့ လူတွေဟာ မီးသတ်ဌာနထံ အကူအညီတောင်းခံခဲ့တယ်လို့သိရ။
>
> ❖ ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပြီဖြစ်သလို ပျက်စီးဆုံးရှုံးမှုပမာဏကိုလည်း အာဏာပိုင်တွေက အကဲဖြတ်နေကြပါတယ်။ ဒါပေမယ့်လည်း အကူအညီတောင်းခံတဲ့ဖုန်းခေါ်ဆိုမှု အလွန်များနေတာကြောင့် သူတို့မှာ ဝန်ပိနေတယ်လို့ အာဏာပိုင်တွေက ပြောပါတယ်

အိုရှီခဝါမှာဆိုရင်တော့ လူပေါင်း ၁၀၀ ခန့်ဟာ မြို့တော်ခန်းမ အဓိကအဆောက်အအုံမှာပဲ လာရောက်ခိုလှုံနေထိုင်နေရပါတယ်။ ယာမာဂါတာခရိုင်မှာတော့ လူပေါင်း ၂၀၀၀ ခန့်ကို ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ပေးခဲ့ရပါတယ်။ အိုရှီခဝါစီရင်စုမှာနေအိမ်ပေါင်း ၃၃၀၀၀ ခန့်ဟာ လျှပ်စစ်မီးပြတ်တောက်တဲ့ဒဏ်ကို ခံစားနေရတယ်လို့ ဟိုကူရိကူ လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီက ပြောပါတယ်။

## ရထားအတွင်း ပိတ်မိသူ ၁၄၀၀ ခန့်ရှိ

အင်အားပြင်းထန်တဲ့ ငလျင်လှုပ်ပြီးတဲ့နောက် ဟိုကူရိကူရှင်ကန်ဆန် ကျည်ဆန်ရထားပြေးဆွဲမှုတွေကိုလည်း ဆိုင်းငံ့ခဲ့ရပါတယ်။ ကျည်ဆန်ရထားပြေးဆွဲမှု ရပ်တန့်သွားတဲ့အတွက် ခရီးသည်ပေါင်း ၁၄၀၀ ခန့်ဟာ ရထားထဲမှာပဲပိတ်မိနေခဲ့ပါတယ်။ နာဂိုနို ဘူတာရုံနဲ့ ကာနာဇာဝါဘူတာရုံကြား ပြေးဆွဲတဲ့ရထားကို ရပ်နားခဲ့ရပြီး နောက်ထပ်ရထားလေးစင်းဟာလည်း ပြေးဆွဲမှုရပ်နားထားတယ်လို့ ရထားကုမ္ပဏီက ပြောပါတယ်။

## အစားအသောက်တွေပေးပို့

ရထားအတွင်း ပိတ်မိနေတဲ့အခြေအနေမှာ ခရီးသည်နှစ်ဦးဟာ အဖျားတက်တဲ့အခြေအနေရှိနေပေမယ့် စိုးရိမ်ရတဲ့အခြေအနေတော့ မရှိဘူးလို့ ရထားကုမ္ပဏီက ပြောပါတယ်။ ရထားတွေမှာ လျှပ်စစ်မီးပြတ်တောက်သွားခြင်းမရှိဘဲ လေအေးပေးစက်တွေလည်း ကောင်းကောင်း အလုပ်လုပ်သေးတယ်လို့ ကုမ္ပဏီကပြောပါတယ်။ ရထားကုမ္ပဏီကဝန်ထမ်းတွေဟာ ခရီးသည်တွေဆီကားနဲ့သွားကာ အစားအသောက်တွေ ကူညီပေးပို့ခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းအထိ ပြေးဆွဲမှုရပ်နားထားမယ့်အစီအစဉ်ရှိတယ်လို့ ရထားအော်ပရေတာက ပြောပါတယ်။

## သေဆုံးသူထပ်တိုးနိုင်

ငလျင်ကြောင့် သေဆုံးသူဦးရေကတော့ အိုရှီခဝါမှာ သေဆုံးသူ ၄၈ ဦးခန့်ရှိပြီး အပျက်အစီးတွေအောက် ပိတ်မိနေတဲ့သူ အများအပြားရှိနေသေးတဲ့အတွက် သေဆုံးသူဦးရေထပ်တိုးလာနိုင်ပါသေးတယ်။ ဝါဂျီးမားမြို့မှာတော့ အဆောက်အအုံ ၂၅ လုံးပြိုကျခဲ့ပြီး ၁၄ ဦးထက်မနည်း ပိတ်မိနေတယ်လို့ သိရပါတယ်။ ငလျင်ကြောင့် ဖြစ်ပေါ်လာတဲ့မီးလောင်မှုကြောင့် ဝါဂျီးမားမှာ နေအိမ်ပေါင်း ၂၀၀ ခန့် ပျက်စီးခဲ့ရပါတယ်။ ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းအထိ မီးသတ်သမားများက ကြိုးစားငြိမ်းသတ်လျက်ရှိပါတယ်။

## နှစ်သစ်ကူးမိန့်ခွန်းပြောမည့်အစီအစဉ်ဖျက်သိမ်း

ဂျပန်တော်ဝင်မိသားစုရဲ့ နှစ်သစ်ကူး မိန့်ခွန်းပြောကြားမယ့် အစီအစဉ်ကိုလည်း ငလျင်ဘေးကြောင့် ဖျက်သိမ်းလိုက်ရပါတယ်။ တော်ဝင်မိသားစုရဲ့ပြည်သူတွေဆီပြောကြားမယ့် နှစ်သစ်ကူးမိန့်ခွန်းကို ဖျက်သိမ်းလိုက်ကြောင်း တော်ဝင်မိသားစုအေဂျင်စီက ကြေညာခဲ့ပါတယ်။ သဘာဝဘေးကြောင့် ပြည်သူတွေဆီ နှစ်သစ်ကူးမိန့်ခွန်းပြောကြားမယ့် အစီအစဉ်ဖျက်သိမ်းလိုက်ရတာ ပထမဆုံးအကြိမ်ဖြစ်တယ်လို့လည်း အေဂျင်စီက ပြောပါတယ်။ ။

ကိုးကား - အင်န်အိတ်ချ်ကေ

# စစ်ကိုင်းပညာရေးတက္ကသိုလ် (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် အထက်မြန်မာပြည်ပညာရေးဒီဂရီကောလိပ်များမှ ဘွဲ့ယူမောင်မယ်များအားဘွဲ့ချီးမြှင့်

**စစ်ကိုင်း ဇန်နဝါရီ ၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ် (၂၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၅ - ၁၂ -၂၀၂၃ ရက်မှ ၂၉- ၁၂- ၂၀၂၃ ရက်အထိ (အစမ်းလေ့ကျင့်ခြင်းအပါအဝင်) စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းပညာရေး တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သဟာယအဖွဲ့ဝင်များ၊ စီမံရေးရာ၊ ဘဏ္ဍာ၊ သင်တန်းရေးရာ၊ စာပေးစာယူ ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ မော်ကွန်းထိန်းများ၊ မိဘဆွေမျိုးများနှင့် ဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။

ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသော ဘွဲ့နှင်းသဘင်အခမ်းအနား၌ ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အထူးချွန်ဆုံး ဘီအီးဒီဘွဲ့ရ မနွေးနွေးစံ ခုံအမှတ် - ၅ ပညာ (၁၆)-၆၆ အား ဒေါက်တာဦးသန်းဦး ဖောင်ဒေးရှင်း၏ ရွှေတံဆိပ်ဆုနှင့် ကျပ် ၁၀ သိန်းတိတိကို ချီးမြှင့်သည်။

ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအဖြစ် စစ်ကိုင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာကုန်ချောင်ဆရာတော် ဒေါက်တာကုဏ္ဍလ၊ ကျွန်းလှ ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာသိင်္ဂါသီရိတို့က ကြွရောက်ချီးမြှင့်ခဲ့သည်။

၁၆-၁၂-၂၀၂၃ ရက်မှ ၂၇-၁၂-၂၀၂၃ ရက်အထိ ပါရဂူဘွဲ့သုံးဦး၊ မဟာပညာရေးဘွဲ့ ၃၁ ဦး၊ ပညာရေးဘွဲ့(နေ့သင်တန်း) ၁၃၉ ဦး၊ ပညာရေးဘွဲ့ (စာပေးစာယူ) အပတ်စဉ်(၂၀) ၃၆၂ ဦး၊ ပညာရေးဘွဲ့(စာပေးစာယူ) အပတ်စဉ်(၂၁) ၄၂၇ ဦး၊ ပညာရေးဘွဲ့ (စာပေးစာယူ) အပတ်စဉ်(၂၂) ၃၉၀၊ PGDMA ဘွဲ့လွန်ဒီပလိုမာ ၇၉ ဦးနှင့် အထက်မြန်မာပြည် ပညာရေး ဒီဂရီကောလိပ်များမှ ပညာရေးဘွဲ့(စာပေးစာယူ)(BEd) (EDC) အပတ်စဉ်(၁) စုစုပေါင်း ၁၇၈၉ ဦးကို ဘွဲ့ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

ယခု စစ်ကိုင်းပညာရေး တက္ကသိုလ် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပါရဂူဘွဲ့သုံးဦး၊ မဟာပညာရေးဘွဲ့ ၄၇ ဦး၊ ပညာရေးဘွဲ့ ၂၁၃ ဦး၊ PGDMA ဘွဲ့လွန်ဒီပလိုမာ ၁၁၇ ဦး၊ ပညာရေးဘွဲ့(စာပေးစာယူ) ၃၀၂၄ ဦး၊ အထက်မြန်မာပြည်ပညာရေး ဒီဂရီကောလိပ် ၁၃ ကျောင်းမှ ပညာရေးဘွဲ့(စာပေးစာယူ)ဘွဲ့ရ ၃၄၆၆ ဦးတို့ကို ဘွဲ့ချီးမြှင့်ပေးမည်ဖြစ်သည်။

စစ်ကိုင်းပညာရေးတက္ကသိုလ် အနေဖြင့် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ဘွဲ့ရမောင်မယ် စုစုပေါင်း ၃၈၈၂၂ ဦးကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့သစ်မြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်

**မြို့သစ် ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စကားဝါလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ရွှေလရောင်ကွက်သစ်ရပ်ကွက်ရှိ အဆိုပါလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဆန်းဝင်းက စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ၊ မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဌေးက ကွန်ကရစ်လမ်းသစ်ခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးသိန်းလင်း၊ အဖွဲ့ဝင်(၂) ဦးမိုးဇော်နှင့်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ကိုဇော်(ပြန်/ဆက်)**



# ၂၀၂၃ ခုနှစ်အတွင်း YBS ယာဉ်လိုင်းအချို့ အမှုပေါင်းသုံးသောင်းကျော်ဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်လိုင်းအချို့မှ စည်းကမ်း ဖောက်ဖျက် မောင်းနှင်မှုများကြောင့် အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အမှုပေါင်းသုံးသောင်းကျော်ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

ယင်းကာလအတွင်း၌ မှတ်သားဖမ်းဆီးမှု ၂၃၉၈၅ မှု၊ တိုင်ကြားမှု ၈၆၄ မှု၊ ဖေ့စ်ဘုတ်အမှုခြောက်မှု၊ မီးနီဖြတ်မောင်းနှင်မှု ၂၂၀၃ မှု၊ သတ်မှတ်ကီလိုမီတာအထက် ကျော်လွန်မောင်းနှင်မှု ၂၅၂၆ မှု၊ သတ်မှတ် လမ်းကြောင်းအတိုင်းမမောင်းနှင်မှု ၃၁၇ မှု၊ မဆင်မခြင် မောင်းနှင်မှု ၆၅၃ မှု၊ အခြားအမှု ၈၅၁ မှု၊ နယ်ကျော်တစ်မှု၊ ရပ်နားချိန်ကြာမြင့်မှု ၅၀၅ မှု၊ ယာဉ် တစ်စီးနှင့် တစ်စီး ယှဉ်ပြိုင်ကျော်တက်မောင်းနှင်မှု ၇၅၂ မှု၊မချေမငံ ပြောဆိုမှု ငါးမှု၊ စုစုပေါင်း ၃၂၆၆၈ မှု ဖြစ်ပွားသည်။

“စည်းကမ်းဖောက်တဲ့ ယာဉ်မောင်းတွေကို ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်တဲ့ဌာနက ဖမ်းဆီးတာတွေရှိပါတယ်။ ဒီနှစ်ထဲမှာဆိုရင် ဇန်နဝါရီကနေ ဒီဇင်ဘာအထိ အမှုပေါင်းသုံးသောင်းကျော်လောက် ဖမ်းဆီးမှုတွေရှိပါတယ်။ ဒီလောက်အမှုတွေများပြီးတော့ ဒဏ်ကြေးငွေတွေပေးရတယ်၊ ဒဏ်ကြေးတွေပေးရတာ ယာဉ်မောင်းတွေ စနစ်တကျဖြစ်စေဖို့ပါ။ မှတ်တိုင်မှာ စနစ်တကျမရပ်တာ၊ မဆင်မခြင် မောင်းနှင်တာ၊ မီးပွိုင့်မှာ မီးနီဖြတ်တာ၊ သတ်မှတ်ကီလိုထက် ပိုမောင်းတာ၊ သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းတာ၊ နောက်တံခါးပေါက်ဖွင့်မောင်းတာ၊ တစ်စီးနဲ့တစ်စီး ယှဉ်မောင်းကျော်တက် တာတွေများပါတယ်၊ အဲဒါမျိုးတွေ မလုပ်စေချင်လို့ ဖမ်းဆီးတာဖြစ်ပါတယ်။ YBS ယာဉ်တွေ စနစ်တကျဖြစ်ဖို့၊ ယာဉ်မောင်းတွေက စည်းကမ်းနဲ့အညီ မောင်းနှင်ဖို့အတွက် ဖမ်းဆီးတာဖြစ်ပါတယ်။

“ကျွန်တော်တို့က ဒဏ်ကြေးငွေ လိုချင်တာ မဟုတ်ပါဘူး။ YBS ယာဉ်တွေ စနစ်တကျဖြစ်ဖို့ ဝန်ဆောင်မှု ကောင်းကောင်းနဲ့ ဆောင်ရွက်စေချင်တာ ဖြစ်ပါတယ်” ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီးတွင် ၂၀၂၃ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၇၇၈ မှုဖြစ်ပွားခဲ့ပြီး ယင်းဖြစ်ပွားမှုကြောင့် ၃၈၇ ဦးသေဆုံးကာ ၇၇၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဖော်ပြပါကာလအတွင်း၌ YBS ယာဉ်လိုင်းအချို့၏ စည်းကမ်းဖောက်ဖျက် မောင်းနှင်မှုများကြောင့်ယာဉ်မတော်တဆမှုအကြိမ် ၇၀ ဖြစ်ပွားခဲ့ရာ ၂၈ ဦး သေဆုံးပြီး ၁၀၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်းလည်း သိရသည်။

**အာကာလင်း**

# ပဲခူးတိုင်းဒေသကြီးရှိ စက်မှုဇုန်များသို့ လူမှုဖူလုံရေးအကျုံးဝင် အလုပ်သမားများအား ကွင်းဆင်းစစ်ဆေးကုသမှုဆောင်ရွက်

**ပဲခူး ဇန်နဝါရီ ၂**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်ဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများကို ဇန်နဝါရီ ၁ ရက်မှစ၍ အလုပ်ဌာနများအရောက် ကွင်းဆင်းဆေးကုသမှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**



# ကျိန္တလီဒေသတွင် မျိုးသုဉ်းလုနီးပါးကြုံတွေ့နေရသော လိပ်စောင်းလျား (လိပ်ကမ္ဘာ)တစ်ကောင် လာရောက်ဥချခဲ့သောကြောင့် သဘာဝအတိုင်းထားရှိစောင့်ရှောက်ထား

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၂၄ ခုနှစ်အတွက် နှစ်သစ်ကူးသတင်းကောင်းအနေဖြင့် ရခိုင်ပြည်နယ် သံတွဲခရိုင် ကျိန္တလီဒေသတွင် မျိုးသုဉ်းလုနီးပါး ကြုံတွေ့နေရသော လိပ်စောင်းလျား (လိပ်ကမ္ဘာ) တစ်ကောင် တက်ရောက်ဥချခဲ့သောကြောင့် သဘာဝအတိုင်းထားရှိ ထိန်းသိမ်းစောင့်ရှောက်နေကြောင်း ကျိန္တလီဒေသကမ်းနီးရေလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲရေး အသင်း (KIFCA) မှ သိရသည်။



ကျိန္တလီဒေသ ကမ်းနီးရေလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှု ဧရိယာအတွင်းရှိ ပင်လယ်လိပ် ထိန်းသိမ်းရေး ကမ်းခြေဇုန် (၃) ဧရိယာအနီးတွင် မျိုးသုဉ်းလုနီးပါး ကြုံတွေ့နေရသော လိပ်စောင်းလျား (လိပ်ကမ္ဘာ) တစ်ကောင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက တက်ရောက် ဥချခဲ့ကြောင်းလည်း အထက်ပါအသင်းမှ တာဝန်ရှိသူ ကပြောကြားသည်။

“လိပ်စောင်းလျားက အကောင်လည်းကြီးတယ်။ အခြားမျိုးစိတ်တွေထက် သားပေါက်နှုန်းကလည်းနည်းတယ်။ မြန်မာနိုင်ငံမှာ တွေ့ရတဲ့ ပင်လယ်လိပ်ငါးမျိုးထဲမှာ တော်တော်လည်း ရှားလာပြီ။ နှစ်သစ်အတွက် သတင်းကောင်းပါ” ဟု ပြောကြားသည်။

ယခုတွေ့ရှိခဲ့သော လိပ်စောင်းလျား၏ လိပ်ဥအရွယ်အစားမှာ (ဝဲပုံ) သာမန်လိပ်များ၏ လိပ်ဥအရွယ်အစားထက် နှစ်ဆခန့် ကြီးမားကြောင်း ၎င်းက ပြောကြားသည်။

“သာမန် လိပ်ဥတွေက ၂ စင်တီမီတာ၊ ၃ စင်တီမီတာအရွယ် အစားသာရှိတာ။ လိပ်စောင်းလျားရဲ့လိပ်ဥအရွယ်အစားက အခြားလိပ်ဥတွေထက် နှစ်ဆလောက် ကြီးမားတယ်။ အခုတက်ဥခဲ့တဲ့ လိပ်ဥက ၆ စင်တီမီတာလောက်ရှိတော့ သူက (သက်ရင့်) လိပ်မကြီး တက်ဥတာဖြစ်နိုင်တယ်”ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ပင်လယ်လိပ်မျိုးစိတ်များ ဖြစ်သော Green Turtle (ပြင်သာလိပ်)၊ Hawkbills Turtle (လိပ်ကြက်တူရွေး)၊ Loggerhead Turtle (လိပ်ခွေး)၊ Leatherbacks Turtle (လိပ်စောင်းလျား)နှင့် Olive Ridleys Turtle(လိပ်လှေ့ာင်း)တို့ကို တွေ့ရှိရကြောင်း ပြောကြားသည်။ လက်ရှိကာလ အခက်အခဲများကြားမှ MBF အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မိတ်ဖက်အဖွဲ့များ ဖြစ်ကြသော DoF, RCA, KIFCA အသင်း တို့နှင့် အတူ ဒေသခံများ ပူးပေါင်းပါဝင်ပြီး လိပ်ဥကျင်းကို သဘာဝအတိုင်းထားရှိကာ ထိန်းသိမ်းစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**MT ၊ ဓာတ်ပုံ - KIFCA**

# ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ရဲတပ်ရင်းက ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူတစ်ဦးသေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ဟု သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ရဲတပ်ရင်းက ဇန်နဝါရီ ၁ ရက် ညပိုင်းတွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရွှေဂူတောင်ရွာရှိ နေအိမ်တစ်အိမ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အမျိုးသမီးတစ်ဦး သေဆုံးကာ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ DVB က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။






အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁ ရက်တွင် AA လက်နက်ကိုင်သောင်းကျန်းသူများက အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ရမ်းသန်း ပစ်ခတ်မှုကြောင့် ရွှေဂူတောင် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများရှိကြောင်း သိရှိရကာ မြောက်ဦးရဲတပ်ရင်းမှ လက်နက်ကြီး ပစ်ခတ်မှုမရှိကြောင်း သိရှိရသည်။

အလားတူ ရှမ်းပြည်နယ် မြောက်ပိုင်း သိန္နီမြို့ တရုတ်ကျေးရွာအတွင်းသို့ ဇန်နဝါရီ ၁ ရက်က အကြမ်းဖက်သောင်းကျန်းသူများကပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ကာ အရပ်သားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

လက်နက်ကိုင် သောင်းကျန်းသူများအနေဖြင့် ကျေးရွာ၊ ရပ်ကွက် လူနေအိမ်များအတွင်းမှ ချောင်းမြောင်း တိုက်ခိုက်ခြင်း၊ လူနေအိမ်များ မီးရှို့ခြင်းနှင့် ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများကို ပြုလုပ်၍ အကြမ်းဖက်အားပေး မီဒီယာများမှတစ်ဆင့် တပ်မတော်မှ လုပ်ဆောင်သည်ဟု လုပ်ကြံရေးသားဖြန့်ဝေ၍ ၎င်းတို့၏ အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများက တပ်မတော်သားများအပေါ် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသမီးများအား တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် စည်းရုံးပြောဆိုပြီး ငွေကြေးခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂**

အမျိုးသမီးများအား တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် စည်းရုံးပြောဆိုပြီး ငွေကြေး ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်နေ သင်းသင်းခိုင်(ခ) အေးသင်းခိုင်နှင့် မအကြီးမ (ခ) ဇင်မာဦး(ခ) မိုင်လေးတို့က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ မ---၊ ၁၇/၂၀၂၃ နှစ် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်နေ မ----၊ ၂၇/၂၀၂၃ နှစ်နှင့် ဘိုကလေးမြို့နယ်နေ မ---၊ ၂၃/၂၀၂၃ နှစ်တို့အား တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်ယောကျ်ားနှင့်လက်ထပ်ရန် စည်းရုံးပြောဆိုပြီး ငွေကြေးများအား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် ဟင်္သာတမြို့မရဲစခန်း (ပ) ၁၇၄/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့်ခဲ့သည်။ အဆိုပါအမှုအား ဟင်္သာတခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးရာကြီးအမှုအမှတ် ၄၂/ ၂၀၂၃ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ သင်းသင်းခိုင် (ခ) အေးသင်းခိုင်နှင့် မအကြီးမ(ခ) ဇင်မာဦး(ခ) မိုင်လေး တို့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်နေ သင်းသင်းခိုင်(ခ) အေးသင်းခိုင်နှင့် မအကြီးမ(ခ) ဇင်မာဦး(ခ)မိုင်လေးတို့က တစ်မြို့နယ်တည်းနေ မ ----၊ ၁၄/၂၀၂၃ နှစ်အား တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် စည်းရုံးပြောဆိုပြီး ငွေကြေးများအား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် ဟင်္သာတမြို့မရဲစခန်း (ပ) ၁၇၅/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့သည်။ အဆိုပါအမှုအား ဟင်္သာတခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးရာကြီးအမှုအမှတ် ၄၉/၂၀၂၃ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံသင်းသင်းခိုင် (ခ) အေးသင်းခိုင်နှင့် မအကြီးမ (ခ) ဇင်မာဦး (ခ) မိုင်လေးတို့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ko Ko Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ လယ်တီကွင်းရပ်ကွက်နေ သိန်းမြင့်(ခ) မောင်မောင်အား ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဟင်္သာတမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# လောက်ကိုင်တွင် တပ်မတော်မှ အဆိပ်သင့်ဓာတုဗုံးဖြင့် တိုက်ခိုက်သည်ဟု ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

တပ်မတော်က လောက်ကိုင်ဒေသ တာရွှေထန်ကို အဆိပ်သင့်ဓာတုဗုံး အသုံးပြု တိုက်ခိုက်ခဲ့ခြင်းကြောင့် ဒေသခံအရပ်သား ၁၀ ဦး အဆိပ်သင့်ပြီး ကလေးငယ်နှစ်ယောက် သေဆုံးခဲ့ရသည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ DVB နှင့် The Kokang Facebook တို့မှ အွန်လိုင်းမီဒီယာများတွင် မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

### ဝါဒဖြန့်တိုက်ခိုက်လေ့ရှိ

တပ်မတော်အနေဖြင့် တာရွှေထန်တွင် အဆိပ်သင့်ဓာတုဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းမရှိခဲ့ကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် ယခင်ကလည်း ထိုကဲ့သို့ သတင်းအမှားများဖြင့် ဝါဒဖြန့်တိုက်ခိုက်လေ့ရှိပြီး ယခုတွင်လည်း ထိုကဲ့သို့ မဟုတ်မမှန် သတင်းများကို အချိန်ကိုက်လုပ်ကြံဖန်တီးကာ ဝါဒဖြန့်ချိခြင်းသာဖြစ်ကြောင်း သိရှိရသည်။

### လူမှုကွန်ရက်တွင် ဖြန့်ဝေနေ

လက်နက်ကိုင် သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ ထိခိုက်ကျဆုံးမှုများပြားလာသည့် အချိန်များတွင် အခြေအမြစ်မရှိသော ကောလာဟလသတင်းအမှားများ ထုတ်လွှင့်နေပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်ဂုဏ်သိက္ခာ ကျဆင်းစေရန် ရည်ရွယ်၍ သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လာမည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲငါးခုကျင်းပရန် မြန်မာနေရှင်နယ်လိဂ် စီစဉ်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာနေရှင်နယ်လိဂ်က လာမည့် ၂၀၂၄-၂၀၂၅ ရာသီတွင် ပြည်တွင်းပြိုင်ပွဲငါးခုကျင်းပရန် စီစဉ်ထားသည်။

### မတ်လတွင် စတင်ကျင်းပမည်

နောက်ဆုံးကျင်းပသည့် ၂၀၂၃ ရာသီတွင် MNL အမှတ်ပေးပြိုင်ပွဲ၊ MNL-2 အမှတ်ပေးပြိုင်ပွဲနှင့် အမျိုးသမီးလိဂ်ပြိုင်ပွဲ သုံးခုသာကျင်းပခဲ့သော်လည်း လာမည့်ရာသီတွင် ပြိုင်ပွဲနှစ်ခု ထပ်တိုးကျင်းပခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၄-၂၀၂၅ ရာသီတွင် လိဂ်ပြိုင်ပွဲလေးခုနှင့် ဖလားပြိုင်ပွဲတစ်ခုကျင်းပရန် စီစဉ်ထားပြီး မတ်လတွင် စတင်ကျင်းပမည်ဖြစ်သည်။ လာမည့်ရာသီတွင် ပထမဆုံးပြိုင်ပွဲအဖြစ် Myanmar National League Cup ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး မတ်လမှ မေလအတွင်းကျင်းပမည်ဖြစ်သည်။

### ရန်ကုန်မြို့၊ တောင်ကြီးနှင့် ပုသိမ်မြို့တို့တွင် ကျင်းပရန်စီစဉ်

ယင်းပြိုင်ပွဲကို MNL ကလပ်များအပြင် MNL-2 ကလပ်အသင်းများကိုလည်း ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး စုစုပေါင်း ၂၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ လိဂ်ပြိုင်ပွဲများအဖြစ် MNL အမှတ်ပေးပြိုင်ပွဲ၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲနှင့် MNL ယူ-၂၀ လိဂ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မတ်လမှ အောက်တိုဘာလအထိ၊ MNL-2 (ပထမတန်း) ပြိုင်ပွဲကို ဇူလိုင်လမှ ဒီဇင်ဘာလအထိ၊ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲကို မေလမှ နိုဝင်ဘာလအထိ၊ MNL ပြိုင်ပွဲကို ဇူလိုင်လမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ ကျင်းပသွားရန် စီစဉ်ထားသည်။ MNL ပြိုင်ပွဲကို လာမည့်ရာသီတွင် ရန်ကုန်မြို့အပြင် တောင်ကြီးနှင့် ပုသိမ်မြို့တို့တွင် လည်း ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့်ရာသီ MNL ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း၊ MNL-2 ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်းတို့ ချန်ပီယံဆုရရှိခဲ့သည်။

**ရဲရင့်လွင်**

# မြစ်ကြီးနားမြို့၌ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့၌ သတ်မှတ်နေရာအလိုက် ကျင်းပလျက်ရှိရာ ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပလျက်ရှိသည့် ကီလိုတန်းအလိုက် လက်ဝှေ့ပြိုင်ပွဲ၊ အမျိုးသား အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲများနှင့် အမျိုးသား/အမျိုးသမီး ဂိုးလတ်ဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။



ထို့နောက် သီတာရပ်ကွက်အတွင်းရှိ ငြိမ်းချမ်းသာယာဖူဆယ်အားကစားရုံ၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက် (၁၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများ ကျင်းပနေမှု၊ အောင်နန်းရပ်ကွက်အတွင်းရှိ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း မြန်မာ့သိုင်းဆပ်ကော်မတီက ပြုလုပ်သည့် မြန်မာ့သိုင်းသရုပ်ပြ လေ့ကျင့်ပြိုင်ပွဲ ကျင်းပနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးက မြန်မာ့သိုင်းသရုပ်ပြ အဖွဲ့များနှင့် ရှမ်းရိုးရာ အတီးအမှုတ်အဖွဲ့များအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်အတွင်းရှိတရုတ်ဗုဒ္ဓဘာသာနှင့် ကွန်ဖြူးရှပ်ယဉ်ကျေးမှုသင်တန်းကျောင်း၌ ကျင်းပသည့် ခရိုင်၊ မြို့နယ်များအလိုက် အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို သွားရောက်ကြည့်ရှု အားပေးပြီး ပြည်နယ်ဝန်ကြီးက ပြိုင်ပွဲဝင်ဘတ်စကက်ဘော အသင်း ၁၀ သင်းတို့အတွက် စုစုပေါင်းငွေကျပ် ၈၅၀၀၀၀ တန်ဖိုးရှိ ဘတ်စကက်ဘောဘောလုံး နှစ်လုံးစီနှင့် ဂိုးပိုက်တစ်စုံစီ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြစ်ကြီးနားမြို့၌ အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် အားကစားကွင်း၊ အားကစားရုံများတွင် သတ်မှတ်နေရာများအလိုက် အားကစားနည်း ၁၅ နည်း၊ ပျော်ပွဲရွှင်ပွဲအားကစားနည်း ကိုးမျိုးဖြင့် ဇန်နဝါရီ ၁ ရက်မှ စတင်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဇန်နဝါရီ ၄ ရက်နေ့ လွတ်လပ်ရေးနေ့တွင် အားကစားနည်းအလိုက် ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးမှ သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် မုန်ပင်ဆည်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၂

**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်ပင်ဆည်ကျေးရွာတွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက အဆိုပါလမ်း မုခ်ဦး၌ ကျင်းပသည်။**



အဆိုပါကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အမှာစကား ပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သန်းဇော်ထိုက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးထက်ဇော်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် ကျေးရွာ ရာအိမ်မှူး ဦးတင်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အဆိုပါကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခွင့်ပြု ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာလူထု ထည့်ဝင်ငွေကျပ် ၅၆ သိန်းတို့ဖြင့် ကျေးရွာတွင်းလမ်း အရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရန်ကင်းမြို့နယ်၌ "ဆေးရွက်ကြီးအစားထိုး ရိက္ခာသီးနှံစိုက်ပျိုး" ခေါင်းစဉ်ဖြင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများကျင်းပ

**ရန်ကင်း ဇန်နဝါရီ ၂**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် "ဆေးရွက်ကြီးအစားထိုး ရိက္ခာသီးနှံစိုက်ပျိုး" ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကင်းမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဌေးလွင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကင်းမြို့နယ် ဦးစီးမှူး ဒေါ်လှလှထွေးက ပြိုင်ပွဲများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပရာ ရန်ကင်းမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၂၅ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၅ ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ နှင့် အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**

# နယူးကာဆယ်ကို ဂိုးပြတ်နိုင်ပြီး အမှတ်ပေးဇယားကို လီဗာပူး ဆက်လက်ဦးဆောင်

ဇန်နဝါရီ ၂ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၂၀) မှ အမှတ်ပေးဇယား ဦးဆောင်သူ လီဗာပူးနှင့် နယူးကာဆယ်အသင်း ပွဲစဉ်တွင် လီဗာပူးအသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီး အမှတ်ပေးဇယားကို သုံးမှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ထို့ပြင် လီဗာပူအသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်စီးတီးအသင်းထက်လည်း တစ်ပွဲပိုကစားပြီး ငါးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

လီဗာပူးအသင်းသည် နယူးကာဆယ်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ၃၄ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၅ ကြိမ်အထိ ရှိခဲ့သည်။ ထို့ပြင် လီဗာပူးအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေး ဖန်တီးမှုပိုင်းမှာလည်း ကိုးကြိမ်ထက်မနည်း ရှိခဲ့ပြီး လေးကြိမ် ဂိုးအဖြစ် ပြောင်းလဲနိုင်ကာ ငါးကြိမ်လွဲချော်ခဲ့သည်။ ပြိုင်ဘက် နယူးကာဆယ်အသင်းက လီဗာပူးအသင်းဘက်သို့ စုစုပေါင်းဂိုးကန်သွင်းသည့် အကြိမ်ရေ ငါးကြိမ်သာရှိခဲ့ပြီး နှစ်ကြိမ်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

နယူးကာဆယ်အသင်းသည် ယခုပွဲ ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံး ငါးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့မှုနှင့်အတူ ပရီမီယာလိဂ်တွင်လည်း ရှုံးပွဲ ကိုးပွဲအထိ ရှိလာပြီဖြစ်သည်။ အသင်းအတွက် နှစ်ဂိုး သွင်းယူနိုင်ခဲ့သော လီဗာပူးတိုက်စစ်ကစားသမား ဆာလာသည် ကလပ်အသင်းတစ်သင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ၁၅၀ ပြည့်မြောက်သည့် ပဉ္စမမြောက် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

လီဗာပူးအသင်း အတွက် သွင်းဂိုးများကို ဆာလာ၊ ဂျုံးစ်နှင့် ဂတ်ပိုတို့က သွင်းယူပေးခဲ့သည်။ နယူးကာဆယ်အသင်း အတွက် သွင်းဂိုးများကို အီဆတ်နှင့် ဘုသ်မန်းတို့က သွင်းယူပေးခဲ့သည်။

**အောင်ဇော်**






၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပွဲတော်အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် ညနေ (၁၈၀၀)နာရီမှစတင်၍ ည(၂၂၀၀)နာရီအချိန်ထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါပွဲတော်တွင် နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ DJ များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာဖြင့် ဖျော်ဖြေတင်ဆက်ပြီး မီးရှူး၊ မီးပန်း ပစ်ဖောက်ခြင်းများအပါအဝင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

## ချောက်မြို့နယ်၌ ကြက်သွန်နီစိုက် တောင်သူများအား ချေးငွေပေးအပ်

ချောက် ဇန်နဝါရီ ၂ - မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကြက်သွန်နီစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက် အသင်းဝင်တောင်သူများအား အရင်းမပျောက်မတည်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်နှင့်တာဝန်ရှိသူများက ချေးငွေ ငွေကျပ် ၂၇၀ ဒသမ ၁၂၅ သန်းကို တာဝန်ရှိသူများအား ပေးအပ်သည်။

အရင်းမပျောက်မတည်ချေးငွေပေးအပ်ရာတွင် ကြက်သွန်နီတစ်ဧကလျှင် ချေးငွေ ငွေကျပ် ငါးသိန်းနှုန်းဖြင့် ချေးငွေကာလ ခြောက်လဖြစ်ပြီး အတိုးနှုန်းမှာ တစ်လလျှင် သုည ဒသမ ၇၀ ပြား ဖြစ်ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ (၂၂)မင်းကြီးညိုရပ်ကွက်၊ အကွက်အမှတ်(၁/ရေခဲစက်)၊ ဦးပိုင်အမှတ် (၃၁၈)၊ ဧရိယာ (၀. ၁၃၆) ဧကအား ဒေါ်အိအိခိုင်၊ ဒေါ်ရီရီမြင့်၊ ဒေါ်အိအိစိုးနှင့် ဦးတင်ဝင်းအောင် တို့အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဒေါ်အိအိခိုင်၊ ဒေါ်ရီရီမြင့်၊ ဒေါ်အိအိစိုးနှင့် ဦးတင်ဝင်းအောင် တို့အမည်ဖြင့် မြေငှားဂရန်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။ **တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၄၀ ကျပ် | ၂၄၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၅၀ ကျပ် | ၂၆၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၅၅ ကျပ် | ၂၇၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

